ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (22-7-2003) (၃၉၃၉)

ယနေ့ထုတ်စောင်ရေ ၂၂၄၉၂၆

ဗုဒ္ဓစရိယ ဉာဏတော် မင်္ဂလ မုတ္တမ်။

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး သန္ဓေတည်မွေးဖွားလာခဲ့သော ဘူမိနက်သန် အောင်မြေဖြစ်သည့် ပင်လုံဒေသကို နိုင်ငံတော်က ဂုဏ်ပြုသည့်အနေဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ပင်လုံတက္ကသိုလ်ကြီးကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံဒေသတွင် ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံ–ခရမ်းစိုးမြင့်)

ပြည်ထောင်စု၏ ဘူမိနက်သန် ပင်လုံမြေမှ ပင်လုံတက္ကသိုလ် လွိုင်လင်ခရိုင်မှ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက် ဝိဇ္ဇာ၊ သိပ္ပံအထူးပြု ဘာသာရပ် ၁၃ ခု သင်ကြားပို့ချလျက်ရှိ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ –ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားမှသာလျှင် မိမိနိုင်ငံမိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အား ကိုယ့်ကိုး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိပေသည်။

အထူးသဖြင့် ယခုအခါ နိုင်ငံတကာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတော် ကာကွယ်ရေးကဏ္ဍများပါမကျန် သိပ္ပံနှင့်နည်းပညာရပ်များက လွှမ်းမိုးနေရာယူလာနေသော ပညာခေတ် အချိန်ကာလတွင် နိုင်ငံတော်အတွင်း အဆင့်မြင့်ပညာရပ်များ တိုးတက်သင်ယူနိုင်စေမည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိနေသော အချိန်ကာလလည်း ဖြစ်ပေသည်။

တစ်ပြေးညီ

ယခင်ခေတ်ကာလက မြန်မာတစ်နိုင်ငံလုံးတွင် ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးအချို့မှာသာ တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ပြည်နယ်နှင့်တိုင်းအားလုံးတွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုအထိ ဖြစ်ထွန်းလာခဲ့ပြီး ဖြစ်ပေသည်။ ထိုသို့ နိုင်ငံတော်အတွင်း တက္ကသိုလ်နှင့် ကောလိပ်များ တိုးတက်ဖြစ်ထွန်းလာသော ဒေသများတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ **စာမျက်နှာ ၂ ကော်လံ ၃ သို့ ✻**

အင်အားအခိုင်အမာစုဖွဲ့လှုပ်ရှား

ဒီလိုစိတ်ပူ ဖြစ်ခဲ့ရတာကလည်း တခြားအကြောင်းကြောင့်မဟုတ်ဘူး။ "အန်တီစု"အနေနဲ့မုံရွာတစ်လျှောက် ခရီးစဉ်တွေအတွက် အင်အား အခိုင်အမာ စုဖွဲ့ပြီး သွားလာလှုပ်ရှားနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေလို့ပါ။ "အန်တီစု"ရဲ့ ညွှန်ကြားချက်အရ တိုင်းဥက္ကဋ္ဌ ဦးဘိုဇံက မန္တလေးတိုင်း လေးမြို့နယ်က ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေကိုခေါ်ပြီး စစ်ကိုင်းတိုင်းအတွင်းက မုံရွာတစ်လျှောက် ခရီးတွေမှာ မန္တလေးတိုင်းလေးမြို့နယ်က တစ်မြို့နယ်ကို အနည်းဆုံး ကားတစ်စီးနှုန်းနဲ့ တိုင်း/စည်းအဖွဲ့တွေကို အမာခံထားပြီး ကျန်တဲ့လူတွေထဲက လိုက်ချင်တဲ့လူမှန်သမျှ အကုန်ခေါ်လာဖို့ ညှိနှိုင်းနေတာကို ကျွန်တော် သိနေတာကိုး။

(မောင်ရင်မှိုင်း၏ ဆောင်းပါးကို စာမျက်နှာ ၈–၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၂-၇-၂၀၀၃
(အင်္ဂါနေ့)

မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ ရေ၊ မြေ သဘာဝသယံဇာတ ပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတသည့်အလျောက် စိုက်ပျိုးရေးဖြစ်ထွန်းသော အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ ထို့ကြောင့်နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇူလိုင်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့များက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်ရှိ မိုးစပါး စံပြကွက် ဆောင်ရွက်မည့် စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ တောင်ငူမြို့နှင့် ကရင်ပြည်နယ် သံတောင်မြို့တို့သို့ သွားရောက်ပြီး အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများ မှာကြားခဲ့သည်။

ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအုပ်စု စံပြကွက်တွင် တောင်သူ လယ်သမား ၁၆ဦးတို့က စုစုပေါင်းလယ်မြေဧက ၁၀၀ ၌ ကျော်ဇေယျစပါးမျိုး ဧက၈၀ နှင့်မော်ဘီ(၂)မျိုး ၁၀ဧကတို့ကို မျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်း၊ ကောက်ကွက်များ စမ်းသပ်ခြင်း၊ ပျိုးသက်ရက် စမ်းသပ်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို စမ်းသပ်ကွက်အလိုက် ကျွေးမွေးခြင်းဆောင်ရွက်၍ အထွက်နှုန်းကို တိုင်းတာကြရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်တွင် ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါး စိုက်ပျိုးလျက်ရှိရာ ဧက ၁၂၁၃၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ဇူလိုင်လ ၁၄ ရက်နေ့အထိ စပါး ၈၇၈၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၄၂ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ပဲခူးတိုင်းသည် စီးပွားရေးအတွက် အဓိကအရေးပါသည့်တိုင်းကြီးတစ်တိုင်း ဖြစ်သည်နှင့်အညီ တိုင်းအတွင်းရှိ မြို့နယ် အသီးသီးတို့ကလည်း ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများ အောင်မြင်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။ ယခုအချိန်ကဲ့သို့ စပါးစိုက်ရာသီတွင် မိုးစပါးများကို လုံ့လစိုက်၍ စိုက်ပျိုးလျက်ရှိကြသည်။

ပဲခူးတိုင်းအတွင်းရှိ တောင်ငူခရိုင်အနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ဧက ၄၃၉၅၀၀ စိုက်ပျိုးရန် လျာထားရာ ဇူလိုင်လ ၁၄ ရက်နေ့အထိ ၁၇၄၁၄၅ ဧက စိုက်ပျိုးပြီးစီးလျက်ရှိသည်။ သတ်မှတ်ချက်နှင့်အညီ မိုးစပါးစိုက်ဧကများ ပြည့်မီရေး ဆက်လက်အားထုတ်စိုက်ပျိုးကြရန် လိုအပ်သည်။

နိုင်ငံတော်က အဓိကသီးနှံ ၁၀ မျိုးဖြစ်သည့် စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် အစေ့ထုတ်ပြောင်း သီးနှံများကို တိုးချဲ့စိုက်ပျိုးရန် အားပေးလျက်ရှိရာ တောင်သူလယ်သမားများက သီးနှံအလိုက် အထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့အပြင် တောင်ငူခရိုင်အတွင်း ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် လက်ဖက်၊ ကော်ဖီ၊ နှမ်း၊ ငရုတ်ကောင်းသီးနှံများကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပေသည်။

ပဲခူးတိုင်းသည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်ဒေသ ဖြစ်သည်သာမက မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်ရန် အခြေအနေကောင်းများနှင့်ပြည့်စုံသည်။ တိုင်းတစ်ခုလုံးအနေဖြင့် ငါးမွေးမြူရေးကန် ဧက တစ်သောင်းသာရှိသေးရာ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့တွင် ဧက ငါးထောင်စီ ထပ်မံတိုးချဲ့ပြီး စုစုပေါင်းဧက နှစ်သောင်းအထိရရှိစေရေး ဆောင်ရွက်သွားကြရမည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဒေသအလိုက် မိုးစပါးများ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနှင့်တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် စွမ်းအားစိုက်ထုတ်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရှုခင်းမြင်ကွင်းပဒေသာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **မြန်မာ့ရှုခင်း မြင်ကွင်းပဒေသာ** ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀လက်မ x ၁၂လက်မထက်မငယ်သော အရွယ်အစားဖြင့် Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ယင်းဓာတ်ပုံသည် ပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံ ပါရှိရမည်ဖြစ်သည်။

ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်လိုသူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရာ၌ Digital Camera ဖြင့် ရိုက်ကူးထားသော ပုံများကို လက်ခံမည်မဟုတ်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးသန်းထွန်း ခေတ္တညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

အဆင့်မြင့်ပညာ သင်ကြားခွင့်ရရှိ

ဖွံ့ဖြိုးတိုးတက်လာသော ပင်လုံဒေသနှင့်အတူ ဒေသတွင်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များ ပင်လုံတက္ကသိုလ်ကြီး၌ ခေတ်မီကွန်ပျူတာများကို ဤသို့ ကိုင်တွယ်၍ အဆင့်မြင့်ပညာများ သင်ကြားခွင့်ရရှိနေပြီဖြစ်သည်။

(ဓာတ်ပုံ-ခရမ်းစိုးမြင့်)

✻ ပြည်ထောင်စုမှ

တစ်နည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး သန္ဓေတည်မွေးဖွားလာခဲ့သော ဘူမိနက်သန် အောင်မြေဖြစ်သည့် ပင်လုံဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပင်လုံဒေသကို နိုင်ငံတော်က ဂုဏ်ပြုသည့်အနေဖြင့် ပင်လုံတက္ကသိုလ်၊ ကွန်ပျူတာကောလိပ် (ပင်လုံ)၊ နည်းပညာကောလိပ်(ပင်လုံ)နှင့်ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပေသည်။

ပင်လုံတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းကို ဒေင်အုပ်စုကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်ကြီး၏ ပထမအဆင့်တည်ဆောက်ရေးလုပ်ငန်းဖြစ်သော ပင်မဆောင်(လေးထပ်) Class-Room ၁၆ခန်း၊ Department ၁၄ခန်း၊ Computer လေးခန်းနှင့် Lab လေးခန်းတို့ ပါဝင်သော စာသင်ဆောင် (နှစ်ထပ်) တို့ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်က တည်ဆောက်ပြီးစီး၍ ၂၀၀၃ ခုနှစ်၌ ကျရောက်သည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ပင်မဆောင် လေးထပ် ဆောက်လုပ်ရာတွင် အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် မြေညှိခြင်းလုပ်ငန်းမှစ၍ ခုံတုံးအထိ သံကူကွန်ကရစ်လုပ်ငန်းများ၊ ပထမကြမ်းခင်း၊ဒုတိယကြမ်းခင်းနှင့် တတိယကြမ်းခင်းခြင်းမှ အမိုးနှင့် မျက်နှာကြက်၊ ကျည်းပေါင်၊ လျှပ်စစ်နှင့် ရေသန့်လုပ်ငန်းအပါအဝင် အပိုင်း ၁၁ ပိုင်းခွဲ၍ တည်ဆောက်ခဲ့သည်ဆို၏။

စာသင်ဆောင် နှစ်ထပ်ဆောက်လုပ်ခြင်း လုပ်ငန်းကိုလည်း အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် မြေညှိလုပ်ငန်းမှစ၍ လျှပ်စစ်မီးဆင်၊ ရေသန့်စင်လုပ်ငန်းအထိ အပိုင်း ကိုးပိုင်းခွဲ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပင်လုံတက္ကသိုလ်သို့ အဝင် ကျောက်ချောလမ်းတစ်ခုကိုလည်း အချောသပ် ဖောက်လုပ်ခင်းကျင်းပြီးဖြစ်သည်ဟု သိရသည်။

၎င်းအပြင် ပင်လုံတက္ကသိုလ်တွင် လက်တွေ့ခန်းနှင့် သင်ကြားရေး အခန်းများ စုစုပေါင်း ၃၈ခန်း ပါရှိသည်။ သင်ကြားရေးအခန်းတစ်ခန်းလျှင် ပေ ၃၀ မှ ပေ ၄၀ အထိရှိပြီး လက်တွေ့ခန်းတစ်ခန်းလျှင် ၄၂ ပေ ကျယ်ဝန်းသည်ဆို၏။ အီလက်ထရွန်းနစ် ပညာရေးနှင့် အင်္ဂလိပ်စာ၊ မြန်မာစာဘာသာသင်အခန်းနှစ်ခန်းတို့ကိုလည်း ဆောက်လုပ်ထားရှိကြောင်း သိရသည်။

တက္ကသိုလ်၏ အောက်ထပ်တွင် Computer Training Centre အခန်းနှစ်ခန်းပါရှိပြီး ကွန်ပျူတာ ၈၈ လုံးထည့်သွင်းတပ်ဆင်ထားသည်။ အပေါ်ထပ်တွင် Learning Centre ထားရှိပြီး ရန်ကုန်မြို့က နေ့စဉ်ထုတ်လွှင့်နေသည့် အဝေးသင်ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများကို MRTVကနေ ဖမ်းယူပြီး သင်ကြားပေးလျက်ရှိနေသည်။

အီလက်ထရွန်းနစ်ပညာရေး

ထို့အပြင် လေးထပ်ဆောင်အပေါ်ထပ်တွင် မာလ်တီမီဒီယာအခန်းမှ ကျောင်းသူ၊ ကျောင်းသားများကို ပရိုဂျက်တာများ၊ ဆလိုက်များနှင့်ထိုး၍ အီလက်ထရွန်းနစ်ပညာရေးစနစ်များကို လက်တွေ့သင်ကြားပြသလျက်ရှိသည်။

အဆိုပါ ပင်လုံတက္ကသိုလ်ကြီးကို ၁၈-၂-၂၀၀၂ ရက်က သင်ကြားရေးအပိုင်းကို စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း လွိုင်လင်၊ ပင်လုံ၊ မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ ကျေးသီး၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ နမ့်စန်၊ လဲချား၊ မိုင်းပန်၊ မိုင်းရှူးအပါအဝင် လွိုင်လင်ခရိုင် ၁၁ မြို့နယ်မှ ကျောင်းသူ၊ ကျောင်းသား ၁၉၂ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိနေကြသည်။

တိုးမြှင့်သင်ကြားပေးမည်

ပင်လုံတက္ကသိုလ်တွင်ယခုအခါ ဝိဇ္ဇာအထူးပြု ဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိက၊ ဥပဒေ၊ အရှေ့တိုင်းပညာဘာသာများနှင့် သိပ္ပံအထူးပြုဘာသာရပ်တွင် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အပါအဝင် အထူးပြုဘာသာရပ် ၁၃ ခု သင်ကြားပို့ချလျက်ရှိပြီး နောင်တွင် တက္ကသိုလ်အဆင့်များ တိုးမြှင့်လာသည်နှင့်အမျှ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်း သုတေသန၊ စာကြည့်တိုက်ပညာနှင့် သုတပညာအပါအဝင် ၂၁ ဘာသာထိ တိုးမြှင့် သင်ကြားပေးသွားမည်ဟု သိရသည်။ **(ကြေးမုံ)**

ဇူလိုင်၂၁ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၈) တိုးချဲ့ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ပွဲတွင် အလှူရှင် ဦးအောင်မြင့် - ဒေါ်တင်လှမိသားစုက မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ်သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်သို့ အခြားနိုင်ငံများမှ တပ်သားများ စေလွှတ်ရေး ကုလသမဂ္ဂသို့ တင်ပြရန် အမေရိကန်က စဉ်းစားလျက်ရှိ

ကုလသမဂ္ဂ ဇူလိုင် ၂၀

အမေရိကန်ပြည်ထောင်စုမှ တပ်သားများသည် အီရတ်နိုင်ငံတွင် အပတ်စဉ် သေဆုံးမှုများ ဖြစ်ပွားခဲ့ရာ အမေရိကန်က ကုလသမဂ္ဂအဖွဲ့အား အီရတ်နိုင်ငံသို့ အခြားနိုင်ငံများမှတပ်သားများ စေလွှတ်ပေးရေးနှင့် အီရတ်နိုင်ငံတွင် ကုန်ကျနေသည့် တစ်လလျှင် အမေရိကန်ဒေါ်လာ လေးဘီလျံကို မျှတခွဲဝေခံကြရန်ကိစ္စအား စည်းရုံးသိမ်းသွင်းရေး အတွက် ကုလသမဂ္ဂသို့ တင်ပြရန် စဉ်းစားလျက်ရှိသည်။

မစဉ်းစားမိ

သို့ရာတွင် လက်ရှိ အချိန်အခါ၌ အီရတ်နိုင်ငံသို့ စစ်သားများစေလွှတ်ရေးအတွက် စည်းရုံးရန်နှင့် အကူအညီ ပေးနိုင်မည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မည်သူမျှ မစဉ်းစားမိကြကြောင်း သံတမန်များက ပြောကြားကြသည်။

ဖြေရှင်းရမည့် မေးခွန်း

အီရတ်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များနှင့် ပတ်သက်၍ အိန္ဒိယနှင့် ပြင်သစ်ကဲ့သို့ နိုင်ငံများက ပူးပေါင်းဆောင်ရွက်ရန် အခြေအနေမရှိသေးမီ အခြား ဖြေရှင်းရမည့် မေးခွန်းပေါင်းထောင်သောင်းမက ရှိနေကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှ သံအမတ်ကြီး ဂျယ်ရီမီဂရင်းစတော့က ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန် ဒီမဲလိုး၏ အစီရင်ခံစာကို အင်္ဂါနေ့တွင် ကြားနာစစ်ဆေးပြီးသည် အထိ မည်သည့် ဆုံးဖြတ်ချက်မှ ထွက်ပေါ်လာမည် မဟုတ်သေးပေ။

ကြားနာမည်

ကုလသမဂ္ဂ သံတမန် ဒီမဲလိုးသည် အဖွဲ့ဝင် ၁၅နိုင်ငံ ပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ရှေ့မှောက်တွင် အီရတ်နိုင်ငံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် သုံးဦးနှင့်အတူ အစီရင်ခံစာနှင့် ပတ်သက်၍ ကြားနာမည်ဖြစ်သည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မှုန်ဝါးဝါး မပြတ်သားသေးပေ။ ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက အီရတ်နိုင်ငံ၏ လုံခြုံရေးသည် အီရတ်နိုင်ငံကို သိမ်းပိုက်သူ အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ တာဝန်သာဖြစ်ကြောင်း၊ အမေရိကန်အစိုးရက ရန်ပုံငွေလိုအပ်ပါက အလှူရှင်နိုင်ငံများက အဆိုပါ သိမ်းပိုက်သူနှစ်နိုင်ငံအား ကုလသမဂ္ဂ၊ သို့မဟုတ် အခြားစနစ်ဖြင့် ထိန်းချုပ်ရန် မဖြစ်မနေ ဆောင်ရွက်ရန်သာဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်း

အစ္စလမ္မာဘတ် ဇူလိုင် ၂၀

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အနည်းဆုံး လူ၃၃ဦး သေဆုံးခဲ့ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာက စနေနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်း ကရာချိမြို့၌ သေဆုံးသူ ၁၂ဦး အပါအဝင် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်နွယ်၍ ၂၃ဦး သေဆုံးခဲ့ရသည်။ ဆင်းပြည်နယ်၏ အခြားသော ဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းသဖြင့်ကရာချိမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ၁၅၀ ခန့်အကွာ ဟိုက်ဒရာဘတ်မြို့တွင် အခြား လူ ၁၁ ဦး သေဆုံးခဲ့ရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

တင့်ကားပျက် ပြင်ဆင်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်လူမျိုးတို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် တင့်ကားတစ်စီးကို ဇူလိုင် ၂၀ ရက်က အမေရိကန် တပ်သားများ ပြင်ဆင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်ပွဲနှင့်မဆိုင်သော သေနတ်ဒဏ်ရာဖြင့် အမေရိကန် ရေတပ်သားတစ်ဦး သေဆုံးရပြန်

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံတွင် အမေရိကန် ရေတပ်သားတစ်ဦး တိုက်ပွဲနှင့် မဆိုင်သော သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ထိုရေတပ်သားမှာ အမှတ်(၁) ပြည်ပချီ မရိန်းတပ်ဖွဲ့မှဖြစ်ပြီး ၎င်းအား သေနတ်ပစ်မှု ဖြစ်ပွားရာနေရာ၌ပင် ဆေးဝါးကုသပေးကာ အနီးနားရှိ ဆေးရုံသို့ သယ်ဆောင်သွားခဲ့သည်။ ဆေးရုံသို့ မရောက်မီလမ်းခရီးတွင် သေဆုံးသွားသည်ဟု ဆိုသည်။

သတင်းမရ

မည်သည့်နေရာတွင် အခင်းဖြစ်ပွားသည်ဟု သတင်းမရရှိပေ။ ထိုမရိန်းတပ်ဖွဲ့မှာ အီရတ်နိုင်ငံ အလယ်ပိုင်း ဘဂ္ဂဒက်မြို့တောင်ဘက်တွင် တာဝန်ထမ်းဆောင်နေသည်ဟု ယူဆရသည်။

တိုက်ပွဲနှင့် မဆိုင်သော သေနတ်မတော်တဆမှုဟု ဆိုရာ၌ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုနှင့် သေနတ်ကို ဖြုတ်တပ်သန့်စင်စဉ် ကျည်ဆန်ထွက်သွားမှုမျိုးလည်း အကျုံးဝင်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ဥပမာပေးသည်။

ယခု သေဆုံးမှုပါဆိုလျှင် မေလ ၁ရက်နေ့ နောက်ပိုင်းတွင် အမေရိကန်စစ်သည် အကျအဆုံးမှာ အနည်းဆုံး ၅၀ဦး ရှိသွားပြီဖြစ်သည်။

ထိုအရေအတွက်အနက် အနည်းဆုံး ၃၃ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ မေ ၁ ရက်တွင် အမေရိကန်သမ္မတက အီရတ်၌ စစ်ပွဲကြီး ပြီးသွားပြီဟု ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ လုံခြုံရေးကိစ္စ ငှားရမ်းတာဝန်ပေးရန် အမေရိကန် စစ်ဌာနချုပ်က ပုဂ္ဂလိကအဖွဲ့နှင့် ညှိနှိုင်း

ဝါရှင်တန် ဇူလိုင် ၂၀

အီရတ်နိုင်ငံ ဒေသအများအပြားတွင် ယခုတိုင် ပြောက်ကျားစစ်ဆင်ရေးနှင့်တကွ ဥပဒေမဲ့မှု ဆက်လက်ဖြစ်ပွားနေသည့်အတွက် အစိုးရအဆောက်အအုံများ၊ ရေနံပိုက်လိုင်းများနှင့်တကွ အခြားသော အရေးကြီးသော လုပ်ငန်းဌာနများ၌ လုံခြုံရေးစောင့်ကြပ်ရန် အီရတ်စစ်သားဟောင်းများအား လက်နက်တပ်ဆင်ကာ လေ့ကျင့်သင်တန်းပေးမည့် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုကို ငှားရမ်းအသုံးပြုရန် အမေရိကန်စစ်ဌာနချုပ်က စီစဉ်နေသည်။

နေရာ ၂၀၀၀

အမေရိကန် စစ်သားများ ယခုစောင့်ကြပ်ပေးနေရသော နေရာများကို လုံခြုံရေးတာဝန်ယူရန်၊ ထောင်ပေါင်းများစွာသော အီရတ်စစ်သားများကို လေ့ကျင့်သင်တန်းပေးရန် အမေရိကန်စစ်ဌာနချုပ်က ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီဖြစ်သော ကရိုးလ်နှင့် ညှိနှိုင်းကြောင်းသိရသည်။ လုံခြုံရေးအစောင့်များသည် လက်နက်များ ယူဆောင်လာရမည်ဖြစ်ပြီး နေရာ ၂၀၀၀ အထိ လုံခြုံရေးတာဝန် ယူပေးရမည်ဖြစ်သည်။

ဤစီမံကိန်းတွင် အဓိက ရည်ရွယ်ချက် နှစ်ရပ်ရှိသည်။ အီရတ်မှ အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူးက အီရတ်စစ်တပ်ကို တရားဝင်ဖျက်သိမ်းပြီးကတည်းက အလုပ်လက်မဲ့ဖြစ်နေသော အချို့အီရတ်စစ်သားများအား အလုပ်အကိုင်ပေးရန်နှင့် ကျူးကျော်ရေး တပ်သားများအား ဒေသခံပြည်သူများက မကျေမချမ်းနိုင်ဖြစ်သည့် တင်းမာမှုများကို လျော့ပါးသွားစေရန် ဖြစ်သည်။

အမျိုးသားပြတိုက်

ပထမဦးဆုံးသော ရည်ရွယ်ချက်မှာ အမျိုးသားပြတိုက်နှင့် အခြားသော အရေးကြီးနေရာများကဲ့သို့သော နေရာဌာနများတွင် အီရတ်လူမျိုးများက အီရတ်ပြည်သူတို့အတွက် လုံခြုံမှုပေးရန် ဖြစ်သည်။

ထို့ပြင် ထိုလုပ်ငန်းတာဝန်ကို ကောင်းကောင်းလုပ်နိုင်သည့် အရပ်ဘက်ကုမ္ပဏီများရှိနေသည်ဟုထိပ်တန်းစစ်အရာရှိတစ်ဦးက နယူးယောက်တိုင်း(မ်)သတင်းစာသို့ ပြောကြားသည်။

အမေရိကန်တပ်သားများ တာဝန်ပေါ့ပါးသွားမည့် အကျိုးကျေးဇူး ရရှိသွားမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

ဝန်ခံ

အီရတ်နိုင်ငံတွင် အမေရိကန်စစ်သား ၁၅၀၀၀၀ ရှိနေသော်လည်း ၎င်းတပ်များ တပ်စွဲထားသည်မှာ ကြာမြင့်နေပြီး မမျှော်လင့်သော အီရတ်တိုက်ခိုက်ရေးသမားများ၏ ခုခံရေး အရှိန်ကြောင့် စစ်သည်အင်အား အစားထိုးရေးမှာ ပိုမိုဆိုးရွားလာကြောင်း အမေရိကန်စစ်ဌာနချုပ်က ဝန်ခံသည်။

မျှော်လင့်

အီရတ်ရှိ အမေရိကန်တပ်များ၏ တပ်မှူးဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိုက်က အထူးခြားဆုံး ပြောက်ကျားစစ်ဆင်ရေး ပုံစံအဖြစ် ထုတ်ပြောသည့် ထိုပြောက်ကျားစစ်ဆင်မှုကို ထိတွေ့ချေမှုန်းရန် အမေရိကန်တပ်များ အနေဖြင့် နှစ်နှင့်ချီ၍ အီရတ်၌ ရှိနေရမည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ဥရုဂွေး ပထမတန်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ရက်က ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ကျင်းပရာ ပီယိုအေရီ အသင်းမှ ဂိုသမား ဟိုဆေးလူးဝစ် ချီလာဗတ်က ဒီဖင်ဆာစပို့တင်း အသင်း၏ ဂိုးသွင်းချက်ကို ကာကွယ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆားစ်ရောဂါကာကွယ်ရေး ဆက်လက်လုပ်ဆောင်ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တိုက်တွန်း

ဘေဂျင်း ဇူလိုင် ၂၀

ဆားစ်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ကြိုးပမ်းမှုများ မလျော့တမ်း ဆောင်ရွက်သွားသင့်ကြောင်း၊ ဆားစ်ရောဂါ သုတေသန၊ ကုသရေးနှင့် ရောဂါထိန်းချုပ်ရေး တို့တွင် အဓိက အောင်မြင်မှုများ ရရှိအောင် များစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ဘေဂျင်းမြို့၌ မကြာမီက ပြောဆိုသည်။

ထိန်းသိမ်းထားသင့်

အမျိုးသား ဆားစ်ရောဂါ ကာကွယ်ရေးဌာနချုပ်နှင့် ထိန်းချုပ်ရေးဌာနချုပ်များကို လိုအပ်သလို ဆက်လက် ထိန်းသိမ်းထားသင့်ကြောင်းဖြင့်လည်း ဆားစ်ရောဂါဆိုင်ရာ လုပ်ငန်းညီလာခံ မတိုင်မီ ဌာနချုပ်များမှ ဝန်ထမ်းထုနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ပြောကြားလိုက်သည်။

တိုးတက်အောင်မြင်မှု

အမျိုးသား ဆားစ်ရောဂါ ကာကွယ်ရေးဌာနချုပ်နှင့် ထိန်းချုပ်ရေးဌာနချုပ်များက အရေးပါသော အထောက်အကူများ ပေးနိုင်သည့် ဆားစ်ရောဂါ ထိန်းချုပ်ရေးတွင် တရုတ်ပြည်သူတို့က အရေးကြီးသည့် တိုးတက်အောင်မြင်မှုကို ဖော်ဆောင်လိုက်ပြီဖြစ်ကြောင်းဖြင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*


CONFIDENTIEL
URGENT
République du Niger
Fraternité - Travail - Progrès
Niamey, le 27/07/2000

MONSIEUR LE PRESIDENT,

J'AI L'HONNEUR DE ME REFERER A L'ACCORD N° [illegible] CONCERNANT LA FOURNITURE D'URANIUM, SIGNE A NIAMEY LE 06 JUILLET 2000 ENTRE LE GOUVERNEMENT DE LA REPUBLIQUE DU NIGER ET LE GOUVERNEMENT DE L'IRAQ PAR LEURS RESPECTIFS REPRESENTANTS DELEGUES OFFICIELS.

CETTE FOURNITURE EQUIVALENTE A 500 TONNES D'URANIUM PUR PAR AN, SERA DELIVREE EN 2 PHASES.

AYANT VU ET EXAMINE LEDIT ACCORD, JE L'APPROUVE EN TOUTES ET CHACUNE DE SES PARTIES EN VERTU DES POUVOIRS QUI ME SONT CONFERES PAR LA CONSTITUTION DU 12 MAI 1996.

အီရတ်၏ ယူရေနီယံကိစ္စ မှတ်တမ်းအမှားများ အီတလီသတင်းထောက်က အမေရိကန်သံရုံးကို ပေးပို့ခဲ့

ရောမ ဇူလိုင် ၂၀

အီရတ်နိုင်ငံက နိုင်ဂျာနိုင်ငံမှ ယူရေနီယံရရှိရေး ကြိုးပမ်းမှုနှင့်ပတ်သက်သည့် အီရတ်နိုင်ငံဆိုင်ရာ မှတ်တမ်းမှတ်ရာများကို အီတလီသတင်းထောက်ဖြစ်သူ အလီဆာဘက်တာက သတင်းအချက်အလက်များ မှန်၊ မမှန် စူးစမ်းရှာဖွေရန်အတွက် ရောမမြို့ရှိ အမေရိကန်သံရုံးသို့ ပေးပို့ခဲ့ကြောင်း အဆိုပါသတင်းထောက်နှင့် တွေ့ဆုံမေးမြန်းခန်းကို စနေနေ့က ကော်ရီရာရီဒယ်လာဆီရာ နေ့စဉ်သတင်းစာတွင် ဖော်ပြလိုက်သည်။

သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်နှင့် ဝန်ကြီးချုပ် တိုနီဘလဲတို့က အီရတ်စစ်ပွဲတိုက်ခိုက်မှု တရားမျှတကြောင်း ပြသသည့်အနေဖြင့် အီရတ်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အပေါ် အကြောင်းပြချက်အား ချဲ့ကားသည်နှင့်ပတ်သက်၍ သိ၊ မသိ အငြင်းပွားရသည့် ပြဿနာအတွက် ဖော်ပြပါ မှတ်တမ်းမှတ်ရာများသည် အခရာကျသည့် အခန်းကဏ္ဍတွင် ရှိနေသည်။

အီရတ်သည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံများဝယ်ယူရန် ကြိုးစားခဲ့သည်ဆိုသော သက်သေအထောက်အထားပြနိုင်သည့်စာရွက်စာတမ်းများအနက် တစ်ခု၏မိတ္တူကို အီတလီသတင်းစာတစ်စောင်က ဤသို့ ဖော်ပြထားသည်။

(ဓာတ်ပုံ-အင်တာနက်)

သတင်းပေးမှုရရှိ

အမေရိကန် ပြည်ထောင်စုက ဖော်ပြပါ မှတ်တမ်းမှတ်ရာများကို အစိုးရမဟုတ်သည့် ပုဂ္ဂလိက သတင်းပေးသူထံမှ ရရှိခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

လွှဲအပ်ပေး

သတင်းထောက် အလီဆာဘက်တာက ပုဂ္ဂလိက သတိပေးသူထံမှ ဖော်ပြပါ မှတ်တမ်းမှတ်ရာများကို ရရှိခဲ့ပြီးနောက် အမေရိကန်သံရုံးသို့ ၂၀၀၂ခုနှစ်က လွှဲအပ်ပေးခဲ့ကြောင်း၊ သတင်းပေးသူ၏အမည်ကို အလီဆာဘက်တာက ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း အီတလီ ထောက်လှမ်းရေးဌာနနှင့် အဆက်အသွယ်မရှိဟု အလီဆာဘက်တာက ပင်နိုရာမာ အပတ်စဉ်သတင်းလွှာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့သတင်းဦး

အဆိုပါ သတင်းအချက်အလက်များသည် ရောမ ကမ္ဘာ့သတင်းဦး သတင်းထူးကြီးဖြစ်သည်ကို မိမိ သိရှိကြောင်း၊ သို့ရာတွင် မယုံကြည်စေနိုင်လောက်သည့် အသေးစိတ် အချက်အလက်များလည်း ရောပြွမ်းပါနေကြောင်း အလီဆာဘက်တာက ကော်ရီရာ ရီဒယ်လာဆီ နေ့စဉ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အီတလီ စစ်ထောက်လှမ်းရေးဌာနက ဖော်ပြပါမှားယွင်းသည့် မှတ်တမ်းမှတ်ရာများကို အမေရိကန်နှင့် ဗြိတိသျှထောက်လှမ်းရေးဌာနများသို့ လွှဲပြောင်းပေးခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြထားသည်။***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းစဉ် ဗုံးပေါက်ကွဲ တပ်သားတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၀

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ မငြိမ်မသက်ဖြစ်နေသော မြို့တစ်မြို့ကို စစ်ယာဉ်တန်းနှင့် ဖြတ်သွားစဉ် ဗုံးပေါက်ကွဲသောကြောင့် အမေရိကန်စစ်သည်တစ်ဦး သေဆုံးသွားသည်ဟု သောကြာနေ့က စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ထိုစစ်သားမှာ အမှတ် (၃) ခြေလျင်တပ်မမှဖြစ်သည်။ ၎င်းလိုက်ပါလာသောယာဉ်သည် ယူဖရေးတီးမြစ်အပေါ် ဖြတ်ကျော် တည်ဆောက်ထားသော ဖော်လူဂျာ တံတားပေါ်မှ ဖြတ်သွားစဉ် မွန်းလွဲပိုင်း၌ တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်တွင်ရရှိခဲ့သော ဒဏ်ရာဖြင့်ပင် စစ်သည်မှာ သေဆုံးသွားသည်ဟု တပ်ကြပ်ကြီး အေမီအဘော့က ဆိုသည်။

ဖော်လူဂျာမြို့ရှိ မျက်မြင်သက်သေများက အခင်းဖြစ်နေရာမှ အမေရိကန်စစ်သားလေးဦးကို သယ်ဆောင်သွားသည်ကိုတွေ့ရပြီး ဟမ်ဗီးကားသုံးစီးလည်း ဆိုးရွားစွာ ပျက်စီးသွားသည်ဟု ပြောကြသည်။ ***အင်တာနက်။***

၂၀၀၃ခုနှစ် ရွှေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကော့စတာရီကာအသင်းမှ ဝီလ်ဆင်ပတ်စ် (နံပါတ်-၂၁)က အယ်ဆာဗေဒိုအသင်းမှ ရီနီကွန်ဇာလက်အားကျော်၍ လေထဲခုန်ပျံကျော်လွှားကာ ခေါင်းတိုက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ပြောက်ကျားစစ်ဆင်နွှဲမှု ထိန်းချုပ်ရန် အမေရိကန်လိုလား ကုလသမဂ္ဂအဖွဲ့ထံမှ အကူအညီရယူရန် စဉ်းစားနေ

ဝါရှင်တန် ဇူလိုင် ၂၀

အမေရိကန်သည် အီရတ်နိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် ပြောက်ကျားစစ် ဆင်နွှဲနေမှုများအား ထိန်းချုပ်ရန် ကုလသမဂ္ဂအဖွဲ့ထံမှ အကူအညီရယူရန် စဉ်းစားလျက်ရှိသည်။ ထိုအချိန်တွင် ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ကို သေနတ်များ၊ ဒုံးကန်အားသုံးလက်ပစ်ဗုံးများဖြင့် စနေနေ့က အတိုက်ခံရပြန်သဖြင့် အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားရသည်။

ကင်းစောင့်နေစဉ်

ထိုစစ်သားသည် ဘဂ္ဂဒက်မြို့ အနောက်ဘက်ကမ်းတွင် ကင်းစောင့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ယင်းစစ်သားသည် ၂၄ နာရီအတွင်း ဒုတိယမြောက် သေဆုံးရသော စစ်သားဖြစ်သည်။ နောက်ဆုံးကျသွားသည့် စစ်သားကိုပါ ထည့်၍ရေတွက်လျှင် အီရတ်နိုင်ငံတွင် ဖြစ်ပွားသည့် ရန်လိုသော ပစ်ခတ်မှုများကြောင့် သေဆုံးရသူ ၁၄၈ ဦး ရှိသွားပြီဖြစ်သည်။ ထိုအရေအတွက်သည် ၁၉၉၁ ခုနှစ် စစ်ပွဲအတွင်းက ကျဆုံးခဲ့သော ၁၄၇ ဦးထက် ကျော်လွန်သွားပြီဖြစ်ကြောင်းကို ဖော်ပြနေသည်။

လက်လုပ်ဗုံးဖြင့် တိုက်ခိုက်မှုတစ်ရပ် စနေနေ့ နံနက်စောစောပိုင်းက ဘဂ္ဂဒက်မြို့ ရာရှစ်အရပ်တွင် ဖြစ်ပွားရာ ကင်းလှည့်နေသော အမေရိကန်စစ်သားလေးဦး ဒဏ်ရာရသွားသည်။

မလိုလား

အခြားအဖြစ်အပျက်တစ်ခုတွင်လည်း အီရတ်များသည် အမေရိကန်များကို မလိုလားကြောင်း ပြသခဲ့ကြသည်။ ဒေါသထွက်နေသော ရှီးယားမွတ်စလင် ၁၀၀၀၀ ကျော် တို့သည် ရှီးယားဘာသာရေးခေါင်းဆောင် မော်တာဒါအယ်လ်ဆဒ်အား အမေရိကန်တို့က အနှောင့်အယှက်ပေးနေသည့်လုပ်ရပ်ကို ရပ်ဆိုင်းပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ထိုဘာသာရေးခေါင်းဆောင်က အမေရိကန်တို့ ကျောထောက်နောက်ခံပြု ဖွဲ့စည်းထားသော အီရတ်အုပ်ချုပ်ရေးကောင်စီသည် နိုင်ငံကို ကိုယ်စားပြုခြင်းမရှိကြောင်း သောကြာနေ့တွင် ရှုတ်ချပြောကြားခဲ့သည်။

အမေရိကန်တို့သည် အီရတ်၌ နေ့စဉ်တိုက်ခိုက်ခံနေရပြီး တစ်လလျှင် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ခန့်ရှိသော ကြီးလေးသည့် စစ်စရိတ်လည်း ကုန်ကျလျက်ရှိသည်။ ထိုအခြေအနေများကြောင့် ဝါရှင်တန်သည် အီရတ်၌ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် နိုင်ငံတကာမှ တပ်ကူများ ရရှိရေးနှင့် စစ်စရိတ်မျှဝေကျခံပေးမည့် နိုင်ငံများထွက်ပေါ်လာစေရန် ကုလသမဂ္ဂအဖွဲ့ကို ကြားဝင်ဆောင်ရွက်ပေးရေးအတွက် ကြိုးပမ်းလာနိုင်သည်ဟု သံတမန်များက ဆိုသည်။

အမေရိကန်သည် အီရတ်အရေးကိစ္စတွင် ကုလသမဂ္ဂအဖွဲ့ကို ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ပေးရန် တံခါးဖွင့်ထားသည်။ အထူးသဖြင့် အီရတ်နိုင်ငံ၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အခြားနိုင်ငံများ ပိုမိုပါဝင်လာလျှင် ကုလသမဂ္ဂအဖွဲ့ကို ပို၍ နေရာပေးလိုသည်ဟု ဆိုသည်။

အစီရင်ခံစာတင်သွင်း

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်နိုင်ငံ၏ စစ်ပြီးကာလအခြေအနေနှင့် ပတ်သက်သည့် ၎င်း၏ ပထမဦးဆုံးသော အစီရင်ခံစာကို သောကြာနေ့က လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။ ထို့ အစီရင်ခံစာကို လုံခြုံရေးကောင်စီက လာမည့်အင်္ဂါနေ့တွင် ဆွေးနွေးကြမည်ဖြစ်သည်။

အဓိကပြဿနာ

ထိုအစီရင်ခံစာတွင် အီရတ်တို့သည် နိုင်ငံကို ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရာ၌ ပြင်ပမှလာ၍ သြဇာပေးပြောင်းလဲစေသည်ကို မလိုလားကြကြောင်း၊ အီရတ်တို့အနေဖြင့် နိုင်ငံ၌ဖြစ်ပေါ်နေသည့် ဥပဒေကင်းမဲ့နေရသော ပြဿနာကို အဓိကဦးစားပေးပြဿနာအဖြစ် ရှုမြင်ကြကြောင်း ဖော်ပြထားသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးကိစ္စတွင် ကုလသမဂ္ဂသည် အရေးပါသောနေရာမှ ပါဝင်ရေးကိစ္စကိုလည်း ထည့်သွင်းထားသည်။ သို့သော် ကုလသမဂ္ဂအနေဖြင့် အီရတ်၏ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးတာဝန်များကို လုပ်ဆောင်မည်မဟုတ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်ဟု ဆိုသည်။

အင်တာနက်။

ဆင်စွယ်မှောင်ခိုများ မာလာဝီ၌ ဖမ်းမိ

ဘလန်တိုင်ဟာ ဇူလိုင် ၂၀

မာလာဝီနိုင်ငံမြို့တော် လီလွန်ဝီမှ ရဲတပ်ဖွဲ့သည် ဆင်စွယ်မှောင်ခိုရောင်းဝယ်သည့် နိုင်ငံတကာဂိုဏ်းတစ်ဂိုဏ်းနှင့် အဆက်အသွယ်ရှိသည်ဟု သင်္ကာမကင်းသူ သုံးဦးကို ဖမ်းဆီးလိုက်သည်။

အဆိုပါ သုံးဦးအား လီလွန်ဝီမြို့ စစ်ဆေးရေးစခန်းတစ်ခု၌ သောကြာနေ့ နံနက်က ဖမ်းဆီးမိခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂျော့စ်ချီကိုဝီက ပြောကြားသည်။

အသက်(၅၂)နှစ်အရွယ်ရှိစတန်ဖို့ဒ်ဂျူမြားကို ဆင်စွယ်အစိတ်အပိုင်း ၃၉ ခုဖြင့်လည်းကောင်း၊ အသက် (၂၂)နှစ်အရွယ် ဝီဆီလီချီတမ်ဘီကို ဆင်စွယ်အစိတ်အပိုင်း ၁၂ ခုဖြင့်လည်းကောင်း ဖမ်းဆီးမိခဲ့သည်။ တတိယမြောက် ပုဂ္ဂိုလ်ဖြစ်သူ အသက် (၃၀)နှစ်အရွယ် စတမ် လေကမ်တမ်ဂျီနီထံမှ ဆင်စွယ်အစိတ်အပိုင်း ကိုးခု တွေ့ရှိခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်း၌ အမေရိကန် စစ်သည် နှစ်ဦး သေဆုံး

မိုဆူးလ် ဇူလိုင် ၂၁

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ကာ့ဒ်မျိုးနွယ်စုဝင်များ ထိန်းချုပ်ထားရာ ဒေသတစ်ခုတွင် အမေရိကန်စစ်သည်များအား ပစ်မှတ်ထားသော တိုက်ခိုက်မှုတစ်ရပ်အတွင်း အမေရိကန်စစ်သားနှစ်ဦး သေဆုံးခဲ့ရပြီး အခြားစစ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။ အီရတ်မြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော မိုဆူးလ်မြို့အနောက်ဘက်ရှိ တယ်လ်အဖား မြို့ငယ်အနီးတွင် အမေရိကန် အမှတ် ၁၀၁ လေကြောင်းချီတပ်မမှ စစ်သည်များ တိုက်ခိုက်ခံခဲ့ရသည်။ အဆိုပါ စစ်သည်များလိုက်ပါလာသော မော်တော်ယာဉ်တန်းတစ်ခုကို ဒုံးကန်အားသုံးဗုံးများနှင့် လက်နက်ငယ်များအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တိုက်ခိုက်ခံရသော စစ်သည်များအား ဆေးရုံသို့ ချက်ချင်းတင်ပို့ပေးခဲ့သော်လည်း ဆေးရုံအရောက်တွင် စစ်သည်နှစ်ဦး သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

မူးယစ်ဆေးဝါးဂိုဏ်း ထိပ်တန်းလက်ထောက် မက္ကဆီကို အထူးတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဇူလိုင် ၂၀

မက္ကဆီကို အထူးတပ်ဖွဲ့ဝင်များသည် မက္ကဆီကိုနိုင်ငံ၏ ထိပ်တန်း မူးယစ်ဆေးဝါးများ မှောင်ခိုဂိုဏ်းမှ ထိပ်တန်း လက်ထောက်တစ်ဦးဟု သင်္ကာမကင်းခံရသူအား ဖမ်းဆီးလိုက်ကြောင်း မက္ကဆီကို ကာကွယ်ရေး ဝန်ကြီးဌာနက သောကြာနေ့က ပြောကြားသည်။

မက္ကဆီကိုကြည်းတပ်နှင့် ရေ့နေချုပ်ရုံးမှ ဂိုဏ်းဖွဲ့ ရာဇဝတ်မှုများကို နှိမ်နင်းရေးတပ်ဖွဲ့တို့မှ အထူးတပ်ဖွဲ့ဝင်များသည် အရီလာဒိုဖီလစ် မူးယစ်ဆေးဝါးဂိုဏ်းမှ အရေးပါသော ငွေကြေး ခဝါချသည့် အုပ်စုအား စီမံအုပ်ချုပ်နေသည်ဟု စွပ်စွဲခံထားရသည့် မာနျူရယ်ဂူလက်စ်မာတီနက်ဇ် အား ဖမ်းဆီးလိုက်ကြောင်း သတင်းလွှာတွင် ဖော်ပြထားသည်။

ရိုက်တာ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများ စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရဟု ပင်တဂွန်အစီရင်ခံစာတွင်ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၂၀

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများ ပြုလုပ်ရာတွင် ဧရာမစိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ဘေးအန္တရာယ်လုံခြုံရေးနှင့် လုပ်ငန်းများရရှိရေးကိစ္စများသည် အီရတ် ပြည်သူလူထုအတွက် ထိပ်တန်းပြဿနာကြီးများအဖြစ် ရောက်ရှိနေကြောင်း ပင်တဂွန် စစ်ဌာနချုပ် အကြံပေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုက ရွေးချယ်ခန့်ထားသည့် အဖွဲ့ဝင်များပါဝင်သော အီရတ်ကြားဖြတ်အာဏာပိုင်အဖွဲ့သည် တသီးတခြားစီ ဖြစ်လျက်ရှိပြီး အီရတ်ပြည်သူလူထုနှင့် ထိတွေ့မှုမရှိဘဲ အလုမ်းဝေးလျက်ရှိကြောင်း၊ နယူးယောက်တိုင်းမ်သတင်းစာက သောကြာနေ့တွင် ရေးသားလိုက်သည်။

အီရတ်ပြည်သူလူထုတွင် အလွန့်အလွန်ကြီးမားသည့် မျှော်လင့်ချက်များရှိကြောင်း၊အဆိုပါပြည်သူများက နိုင်ငံရေးအရ တစ်ခဲနက်ပါဝင်ဆောင်ရွက်ရေးနှင့် စီးပွားရေးအခွင့်အရေးအတွက် လုံခြုံရေးနှင့်အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ဖန်တီးဆောင်ကြဉ်းပေးနိုင်သည့် တိုးတက်မှုလမ်းကိုမမြင်ပါက ပူးပေါင်းမှု၊ ဆောင်ရွက်မှုတံခါးပေါက် ရုတ်ခြည်းဆိုသလိုပိတ်သွားမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လာမည့် ၁၂ လကာလသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှု အောင်မြင်မည် သို့မဟုတ် ဆုံးရှုံးမည်တို့ကို ဆုံးဖြတ်ပေးမည့်အရေးကြီးသောကာလဖြစ်ပြီး လာမည့် သုံးလအချိန်ကာလသည် လုံခြုံရေးအခြေအနေများ တစ်ပတ်ကျော့ ကောင်းမွန်ရန် အရေးပါသောကာလဖြစ်သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က အဖွဲ့ဝင် ငါးဦးပါဝင်သည့် ဖော်ပြပါ အကြံပေးအဖွဲ့ကို အီရတ်နိုင်ငံသို့ စေလွှတ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိသျှလက်နက်ကျွမ်းကျင်သူသေဆုံးမှု တိုနီဘလဲအပေါ် ဝေဖန်မှုများထွက်ပေါ်

လန်ဒန် ဇူလိုင် ၂၀

ဗြိတိသျှလက်နက်ကျွမ်းကျင်သူသေဆုံးရသော အဖြစ်အပျက် ပေါ်ပေါက်ခဲ့ရပြီးနောက်ပိုင်းတွင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပေါ် ၎င်းကျင့်သုံးခဲ့သော အီရတ်မူဝါဒနှင့် ပတ်သက်၍ ဝေဖန်မှုများအသစ်တစ်ဖန် ထွက်ပေါ်လာသည်။

ရဲတပ်ဖွဲ့ဝင်များသည် လန်ဒန်မြို့မြောက်ဘက် ကျေးလက်ဒေသတွင် အလောင်းတစ်လောင်း တွေ့ရှိခဲ့ကြသည်။ ထိုအလောင်းသည် ပျောက်ဆုံးနေသည်ဆိုသော ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ ဒေးဗစ်ကယ်လီ၏ အလောင်းဖြစ်ကြောင်း ရဲအဖွဲ့က စနေနေ့က အတည်ပြုခဲ့သည်။

– ဒဏ်ရာဖြင့်သေဆုံး –

ကယ်လီသည် အသက် (၅၉) နှစ်ရှိပြီဖြစ်ပြီး ၎င်းအား လက်ကောက်ဝတ်တွင် ထိရှထားသော ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ရဲဌာနက ပြောကြားသည်။

သေဆုံးသူ ကယ်လီ၏နေအိမ်သည် အောက်စ်ဖို့ရှိုင်းယားဒေသ ဆောက်သ်မောအရပ်တွင် တည်ရှိသည်။ သူ၏အလောင်းကို ၎င်း၏အိမ်မှ ငါးမိုင်အကွာအဝေးတွင် တွေ့ရှိရခြင်းဖြစ်ပြီး အလောင်းအနီးတွင် ဓားတစ်ချောင်းနှင့် အကိုက်အခဲပျောက်ဆေးတစ်ထုပ်ကိုလည်း တွေ့ရှိရသည်ဟု ဆိုသည်။

ရဲအဖွဲ့သည် ယခုအမှုကို စုံစမ်းနေကြဆဲဖြစ်သည်။ ယခုအဆင့်အထိ အမှုတွင် အခြားတစ်စုံတစ်ဦး ပါဝင်ပတ်သက်နေသည့် လက္ခဏာမတွေ့ရသေးဟု သိမ်းဘယ်လီရဲစခန်းမှ ရဲမှူးဒေးဗစ်ပါနေးလ်က ပြောကြားသည်။

အီရတ်နိုင်ငံရှိ လူအစုအပြုံလိုက်သေစေနိုင်သော လက်နက်များကိစ္စကို ဗြိတိန်အစိုးရက အီရတ်ကို စစ်တိုက်နိုင်စေရန်အတွက် ကုလားဖန်ထိုး အသုံးချခဲ့ကြောင်း ဘီဘီစီက သတင်းထုတ်ပြန်သွားခဲ့သည်။ ထိုကိစ္စကြောင့် ဘီဘီစီနှင့် ဗြိတိန်အစိုးရတို့အကြား အကြီးအကျယ် ပြဿနာတက်လျက်ရှိသည်။ ထိုပြဿနာအကြားတွင် ဇီဝလက်နက်ကျွမ်းကျင်သူ ကယ်လီသည် ကြားညပ်ပြီး ပါဝင်ပတ်သက်နေသည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ကယ်လီသေဆုံးရသည့်ကိစ္စမှာ တုန်လှုပ်ချောက်ချားစရာ ဝမ်းနည်းဖွယ်ရာ ကိစ္စရပ်ဖြစ်သည်။ ကယ်လီ၏မိသားစုအတွက် လွန်စွာဝမ်းနည်းမိပါသည်၊ သူသည် တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပြီး နိုင်ငံ့အတွက် အလုပ်အကျွေးများစွာပြုခဲ့သည်၊ သူရှိနေသေးလျှင်လည်း ဆက်လက်အကျိုးပြုနေဦးမည်သာဖြစ်ပါသည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

– ထုတ်ဖော်ဖွင့်ဟ –

ကယ်လီ၏မိသားစုက ကယ်လီသည် အခက်အခဲများ၊ အကျပ်အတည်းများရှိနေသည့် အခြေအနေ၌ပင် ဂုဏ်သိက္ခာရှိစွာဖြင့် သိမ်မွေ့နက်နဲသော အမှန်တရားရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်ဟု ထုတ်ဖော်ဖွင့်ဟသွားခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်များအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများသည် ကယ်လီ၏ဘဝအပေါ် သည်းမခံနိုင်လောက်အောင် ရိုက်ခတ်ခဲ့သည်။ ထိုကိစ္စတွင် ပါဝင်ပတ်သက်နေသူ အားလုံးသည် ၎င်းကိစ္စ၏ ရိုက်ခတ်မှုဒဏ်ကို အချိန်ကြာမြင့်ပြီး ပြင်းထန်စွာ ခံစားကြရလိမ့်မည်ဟု ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ်သည်ထိုအမှုဖြစ်သည့် အချိန်တွင် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည်။ ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရောကိုအိဇုမိနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပလျက်ရှိသည်။သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကဝန်ကြီးချုပ်ဘလဲကို ကယ်လီအမှုကိစ္စနှင့်ပတ်သက်၍ ပြင်းထန်သော မေးခွန်းများ မေးခဲ့ကြသည်ဟု ဆိုသည်။

သတင်းထောက်များက ကယ်လီသေဆုံးမှုနှင့် ပတ်သက်ပြီး ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းနှင့် ဘလဲ၏ဆက်သွယ်ရေးအကြီးအကဲ အလစ်တဲရာကင်းဘဲတို့ ရာထူးမှ နုတ်ထွက်ပေးသင့်ပါသလားဟူသော မေးခွန်းမျိုးမေးခဲ့ကြသည်။ ***အင်တာနက်။***

ဆော်ဒီတပ်သားများ အီရတ်သို့ စေလွှတ်မည်မဟုတ်

ကူဝိတ်စီးတီး ဇူလိုင် ၂၀

အီရတ်နိုင်ငံ၌ ဆော်ဒီအာရေဗျတပ်များ ဖြန့်ကြက်ရေးမှာ အီရတ်တရားဝင်အစိုးရက မေတ္တာရပ်ခံခြင်း မရှိသမျှ အီရတ်သို့ မိမိတို့တပ်များ စေလွှတ်မည်မဟုတ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက စနေနေ့တွင် ကြေညာလိုက်သည်ဟု ကူဝိတ်သတင်းဌာနက ကြေညာသည်။ အီရတ်သို့ တပ်များစေလွှတ်ရန် အမေရိကန်ပြည်ထောင်စုကမိမိတို့အား လောလောဆယ်မေတ္တာရပ်ခံထားသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်းဖြင့် ဆော်ဒီအာရေဗျနိုင်ငံမြို့တော် ရီယာ့ဒ်၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အယ်ဖိုင်ဆယ်က ငြင်းဆိုလိုက်သည်။

ဆော်ဒီအာရေဗျနှင့် အီရတ်နှစ်နိုင်ငံ ဆက်ဆံရေးမှာ ယခုတိုင် ရပ်တန့်နေသေးကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ၌ ယာယီအီရတ်အုပ်ချုပ်ရေး ကောင်စီ၏ ကိုယ်စားလှယ်ရုံးလည်း မရှိကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အယ်ဖိုင်ဆယ်က ပြောကြားသည်။ နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးမှာ အီရတ်နိုင်ငံ၌ တရားဝင်အစိုးရ ထူထောင်ခြင်းနှင့် ဆက်နွှယ်နေသည်ဟုလည်း ၎င်းကအလေးအနက် ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန် ထောက်ခံအားပေးထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီအသစ် ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ ဌာနချုပ်ရှေ့တွင် ဇူလိုင် ၁၉ရက်က ရှီးယားမွတ်စလင်များ ဆန္ဒပြနေကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ ရုရှားတပ်သားများစေလွှတ်ရေးကိစ္စ အစီအစဉ်မရှိဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား

မော်စကို ဇူလိုင် ၂၀

အီရတ်နိုင်ငံရှိ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရုရှားတပ်ဖွဲ့များအားအီရတ်နိုင်ငံသို့စေလွှတ်ရေးကိစ္စနှင့်ပတ်သက်၍ အစီအစဉ်မရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဂေါ်အိုင်ဗန်နော့ဗ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် အဓိကအကြောင်းအရာအဖြစ် ဖော်ပြထားခြင်း မရှိသေးသောကြောင့် စဉ်းစားထားခြင်း မရှိသေးကြောင်း အိုင်ဗန်နော့ဗ်၏ ပြောကြားချက်ကို ရုရှားသတင်းဌာနက ဖော်ပြသည်။

ပထမဆုံးအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ လိုက်လျောညီထွေရှိသည့် ဥပဒေနှင့် ညီညွတ်သော အခြေခံအကြောင်းတရားများ ချမှတ်ပြီးမှသာလျှင် နိုင်ငံများအနေဖြင့် အခြေအနေကြည့်၍ ဆုံးဖြတ်နိုင်ကြမည်ဖြစ်ကြောင်း အိုင်ဗန်နော့ဗ်က ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ပြည်အရှေ့ပိုင်း ကျန်စုပြည်နယ် ဟွန်ဇီခရိုင်တွင် ရေလွှမ်းမိုးခံရသည့် နေအိမ်ရှိရာသို့ လှေတစ်စင်းဖြင့် ချဉ်းကပ်သွားနေသူ ကျေးရွာသူတစ်ဦးအား တွေ့ရစဉ်။ (မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးသဖြင့် ရွာသူ၊ ရွာသားများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။) (ဓာတ်ပုံ–ဆင်ဟွာ)

အီရတ်နိုင်ငံ အုပ်ချုပ်ရေးကောင်စီ၌ တူရကီကိုယ်စားလှယ် ပါဝင်မှုကို စိုးရိမ်

အန်ကာရာ ဇူလိုင် ၂၀

အီရတ်အုပ်ချုပ်ရေးကောင်စီတွင် တူရကီကိုယ်စားလှယ်ပါဝင်မှုကို စိတ်မချမ်းမြေ့ကြောင်း တူရကီ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးလ်က သောကြာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်ဟု အနာတိုလီယန် သတင်းဌာနက ကြေညာသည်။

အီရတ်အုပ်ချုပ်ရေးကောင်စီတွင် တစ်ဦးတည်းသော တူရကီကိုယ်စားလှယ်ပါဝင်ခြင်း အတွက်စိတ်ပျက်မိကြောင်း၊ ထို့ပြင်မာမွတ်အော့စမန်ဆိုသူ ကိုယ်စားလှယ်မှာ မြေအောက် ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) ဝင်တစ်ဦးဟု သံသယရှိသူဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ဂါးလ်ကပြောကြားလိုက်သည်။

မာမွတ်အော့စမန်အား အီရတ်အုပ်ချုပ်ရေးကောင်စီတွင် ထည့်သွင်းခြင်းအပေါ် တူရကီနိုင်ငံက စိတ်အနှောင့်အယှက်ဖြစ်ရကြောင်းကို အမေရိကန်စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီးဂျွန်အဘီဇိုက်အား တူရကီအရာရှိများက ပြောကြားမည်ဟု မျှော်လင့်ရသည်။ ဗိုလ်ချုပ်ကြီးဂျွန်အဘီဇိုက်သည် တူရကီစစ်ဦးစီးအဖွဲ့နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန်အန်ကာရာမြို့သို့ သောကြာနေ့တွင်ရောက်ရှိခဲ့သည်။

မာမွတ်အော့စမန်အားခန့်အပ်မှုနှင့် စပ်လျဉ်း၍ တူရကီနိုင်ငံကစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုရန် သောကြာနေ့တွင် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သံရုံးအရာရှိ ရောဘတ်ဒုချင်အားဆင့်ခေါ်လိုက်သည်။ ဝါရှင်တန်မြို့ရှိ တူရကီသံရုံးကလည်း မာမွတ်အော့စမန်အား ခန့်အပ်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင်းထုတ်ဖော်ပြောဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပန်းတိုင်သစ်သို့ ဦးတည်နေသည့် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများ(၂)

မောင်မောင်သန်း(ကျော့မှူး)

၂၀၀၃ ခုနှစ် ဇွန် ၂၈ ရက်နံနက် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် မြန်မာ–တရုတ်နယ်စပ်ဖြစ်သော လောက်ကိုင်မြို့သို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကဘိန်းစိုက်ပျိုးမှုလုံးဝ(လုံးဝ)ပပျောက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသခံ တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံများ၊ မျိုးစေ့များနှင့် ရိက္ခာ ဆန်၊ ဆားတို့ကို ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ တာဝန်ရှိသူများနှင့်အတူ စာရေးသူ သွားရောက်ခဲ့သည်။

စာရေးသူ မရောက်တာကြာပြီ ဖြစ်သည့်အတွက် မော်တော်ယာဉ်ပေါ်မှာလိုက်ပါရင်း၊ လမ်းဘေး ဝဲယာကို ငေးမောရင်း မိမိမှတ်ဉာဏ်များကို တဖြည်းဖြည်းဖော်ထုတ်နေရသည်။

မှတ်မိသည်များ ရှိသလို၊ မမှတ်မိသည်များလည်း ရှိသည်။ သည်လမ်း၊ သည်ခရီးသည် ယခင်က လမ်းတွေက မကောင်းပါ။ လုံခြုံမှုကလည်း မရှိခဲ့။ နေ့ချင်းရောက်သည့်ခရီးကို တစ်ညအိပ်၊ နှစ်ညအိပ် သွားခဲ့ရဖူးသည်။

အံ့သြစရာ

ယခု မြင်တွေ့နေရသည်က တကယ့်ကိုအံ့သြစရာပါ။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့နေသည့်အတွက် ကုန်တင်ကားကြီးများ၊ ခရီးသည်တင်ကားကြီး၊ ကားလေးများ၊ ကိုယ်ပိုင်ကားလေးများသည် စိတ်ချမ်းမြေ့စွာ သွားလာနေကြသည်။

လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီး၊ ကလေးတွေပါ တောလမ်း၊ တောင်လမ်းမှာ မော်တော်ဆိုင်ကယ်များနှင့် ရယ်ရယ်မောမော အပူအပင် ကင်းမဲ့စွာ အေးအေးလူလူ မောင်းနှင်သွားလာနေကြသည်။

မြို့ပေါ်တွင်သာမက တောထဲ၊ တောင်ထဲမှာလည်း တည်ငြိမ်အေးချမ်းလျက်ရှိနေသည်။

လားရှိုးမှ သိန္နီ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် ပါစင်ကျော်တို့ကို ဖြတ်သန်းခဲ့ရာ ဘိန်းအစားထိုးသီးနှံ စိုက်ခင်းများ၊ စပါးများ၊ ပြောင်းများ၊ ကော်ဖီပင်များနှင့် နှစ်ရှည်ရော်ဘာပင်များကို ချင်းရွှေဟော်တစ်ဝိုက် အများဆုံး တွေ့ခဲ့ရသည်။

၁၅နှစ်စီမံကိန်း

မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်မှ ၁၅ နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဘိန်းအများဆုံး စိုက်ပျိုးရာဒေသဖြစ်သည့် ပြည်နယ်ဒေသငါးခုတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ စီမံချက် New Destiny Project ကို ၂၀၀၂ ခုနှစ် ဧပြီလကစပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပန်းတိုင်သစ် စီမံကိန်းအရ ဘိန်းစိုက်ပျိုးမှု ပပျောက်အောင် ဆောင်ရွက်ခဲ့သည့်နေရာတွင် ဘိန်းစိုက်တောင်သူများကို ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးလာအောင် ပညာပေးဟောပြောစည်းရုံးခြင်း၊ တစ်ဖက်ကလည်း ဒေသနှင့်ကိုက်ညီမည့် သီးနှံမျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ မွေးမြူရေးအတွက် မျိုးတိရစ္ဆာန် ဖြန့်ဝေပေးခြင်း၊ ငွေကြေးနှင့် အခြေခံစားနပ်ရိက္ခာ ထောက်ပံ့ခြင်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ လားရှိုးမှ လောက်ကိုင်ထိ ကားလမ်းဘေးဝဲ၊ ယာတစ်လျှောက် ဘိန်းအစားထိုးသီးနှံများနှင့်အတူ ရှမ်း တောင်တန်းကြီးကို တည်ငြိမ်အေးချမ်းစွာ တွေ့ရသည်။

ဒေသခံ တိုင်းရင်းသားများသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထား တိုက်ဖျက်နေခြင်းဖြစ်ပြီး တောင်သူများကိုယ်တိုင်ကလည်း ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို ကောင်းစွာသဘောပေါက် နားလည်လာကြခြင်းတို့ကြောင့် ဘိန်းစိုက်ပျိုးမှုဓလေ့ကို စွန့်လွှတ်ပြီး ဒေသခံ တောင်သူများကိုယ်တိုင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လာကြ၍ ယခုလို အောင်မြင်မှုများကို မြင်တွေ့နေရခြင်းဖြစ်သည်။

လောက်ကိုင်မြို့ရှိ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်ကြီးကို မြန်မာနိုင်ငံ၏ နယ်စပ်တွင် ခံ့ညားထည်ဝါစွာ မြင်တွေ့ခဲ့ရသည်။

ယင်းပြတိုက်ကြီးတွင် ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ) ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်၊ အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုး ယာစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ရိက္ခာဆန်နှင့် ဆားများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့– အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်း၊ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ် သန်းဝင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်ဦးဖုန်ကြားရှင်နှင့် ကိုးကန့်တိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့– အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ) ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကိုးကန့်တိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံကော်ဖီပင်၊ အစေ့ထုတ်ပြောင်း၊ အထူးအထွက်တိုးယာစပါး၊ ဟင်းသီးဟင်းရွက် မျိုးစေ့များ၊

မူးယစ်ဆေးဝါးပြတိုက်ကြီး

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေး ပြတိုက်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ရိက္ခာနှင့် ဆန်များကို ထောက်ပံ့ပေးရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

အားကြိုးမာန်တက်

ယင်းနောက် အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်းက ကိုးကန့်ဒေသအတွင်း၌ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ် သန်းဝင်းက အထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ဘိန်းအစားထိုးသီးနှံများ ဖြစ်သည့် ကော်ဖီပျိုးပင်များ၊ အစေ့ထုတ်ပြောင်းနှင့် အထူးအထွက်တိုး ယာစပါးမျိုးစေ့များကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆန်အိတ်၅၀၀၀နှင့် ဆားအိတ် ၁၀၀၀တို့ကို လည်းကောင်း အထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား ပေးအပ်သည်။

ယင်းနောက် အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့– အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လောက်ကိုင်မြို့ရှိ ကိုးကန့်ဒေသ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးများကို သွားရောက်ကြည့်ရှု လေ့လာကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

ဘိန်းကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာက စိုက်ပျိုးခဲ့ကြသော ကိုးကန့်တိုင်းရင်းသားများသည် နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သည့်ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးခြင်းကို မလုပ်ခဲ့ကြတော့၊(၁၅) နှစ်စီမံကိန်းက ချမှတ်ထားသည့် ရည်မှန်းချက်များကိုလည်း ကိုးကန့်တိုင်းရင်းသားများက အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီ။

နိုင်ငံတော်အစိုးရက ကိုးကန့်ဒေသ တိုင်းရင်းသားတောင်သူများကို ပန်းတိုင်သစ်စီမံကိန်းအရ လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ကိုးကန့်ဒေသ တိုင်းရင်းသား တောင်သူများကလည်း နိုင်ငံတော်အပေါ် လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးတင်ရှိနေကြောင်း စာရေးသူမှတ်တမ်းအပ်ပါသည်။ ။

ဘိန်းအစားထိုးသီးနှံများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထားစဉ်။

ကျုံပျော်မြို့ မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန် ဇူလိုင် ၂၁

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် သောင်ကြီးကျေးရွာ တလုပ်ပင်ကျောင်းတိုက်၌ ဇူလိုင် ၂၆ရက်မှ ၃၀ရက်ထိ ရန်ကုန်မြို့ မြောက်ဉက္ကလာပ မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်နယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ ရဗြီးဆရာတော် အရှင်နန္ဒာသိရိ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

✧ **လယ်ယာစီးပွားမှ**

(က) မြစ်ချောင်းများမှ ရေကို ဒီဇယ် အင်ဂျင် ရေစုပ်စက်များဖြင့် ရေတင်၊ ရေစုပ်ပြုလုပ်ပြီး ရေသွင်းစိုက်ပျိုး ရေပေးဝေခြင်း (ခ) မြေအောက်ရေ ရရှိနိုင်သောဒေသများတွင် စက်ရေတွင်း၊ လက်ရိုက်တွင်းများ တူးဖော်ပြီး စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်ခြင်း၊ (ဂ) စက်ရေတွင်းနှင့် လက်ရိုက်တွင်းများ တူးဖော်ခြင်း၊ မဖွံ့ဖြိုးသေးသည့် တောင်တန်းဒေသနှင့် နယ်စပ်ဒေသများတွင် စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ဆည်များမှ သောက်သုံးရေသွယ် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးရွာများရှိ သောက်သုံးရေကန်များနှင့် လက်တူးတွင်းများကို ပြုပြင်ပေးခြင်း စသည့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်လာစေရေး ဆောင်ရွက်ခြင်းတို့ကို ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအနှံ့

စိုက်ပျိုးရေရရှိရေး လုပ်ငန်းများတွင် မြစ်ရေတင်စိုက်ပျိုးရေး အစီအစဉ်ကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံအနှံ့ တစ်ကွင်းတစ်စပ်တည်း မြစ်ရေတင်လုပ်ငန်း ၂၆၂ခုကို ပြည်နယ်၊ တိုင်းကိုးခုတွင် ဧက နှစ်သိန်းငါးသောင်း အကျိုးခံစားရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ တစ်ကွင်းတစ်စပ်တည်းသော ဧကထောင်သောင်းချီ၍ မြစ်ရေတင်စိုက်ပျိုးနိုင်မည့် စီမံကိန်းလုပ်ငန်းကြီးများကို ဒေသအလိုက် စီမံအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် တွင်းကြီး (စစ်ကိုင်း)၊ ဉမင်ကိုးပေါက် (ချောက်)၊ တညောင်(စလင်း)၊ သပြေတန်း(တိုက်ကြီး)၊ ရေပေါ်သောင်နှင့် ကြို့ကုန်း(ထန်းတပင်) မြစ်ရေတင် စီမံကိန်းကြီးများ ပြီးစီးခဲ့သဖြင့် ယင်းလုပ်ငန်း စီမံကိန်းခြောက်ခုမှ ဧက ၄၈၅၀၀ ရေတင်စိုက်ပျိုးလျက်ရှိနေပြီဖြစ်သည်။ ဆက်လက်၍လည်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ခြောက်ခုကို အကောင်အထည်ဖော်ခဲ့သည်။

လျှပ်စစ် မြစ်ရေတင်စီမံကိန်းကြီး ခြောက်ခုမှာ ဘုတလင်မြို့နယ် ရေဘုတလင်စီမံကိန်း၊ အင်တောစီမံကိန်း၊ ဆားလင်းကြီး ညောင်ပင်ကြီးစီမံကိန်း၊ မြင်းခြံဆီမီးခုံတိုးချဲ့စီမံကိန်း၊ ရေစကြိုမင်းရွာစီမံကိန်း၊ မှော်ဘီကန်ကလေးစီမံကိန်းတို့ဖြစ်ပြီး အကျိုးပြုဧက ၇၉၀၀၀ အကျိုးပြုမည်ဖြစ်သည်။

အကျိုးပြုမည်

မြစ်ရေတင်စီမံကိန်းကြီး ခြောက်ခုအဖြစ် ဆက်လက်၍ မြစ်ရေတင်စီမံကိန်းကြီးရှစ်ခုကို အထူးစီမံကိန်းအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ ၎င်းတို့မှာ တောင်သာကျောဇီစီမံကိန်း၊ ပုဂံညောင်ဦး လောကနန္ဒာစီမံကိန်းနှင့် ငါ့သရောက်စီမံကိန်း၊ မကွေး သဖန်းဆိပ်စီမံကိန်း၊ ထန်းတပင် အိုင်ကလောင်စီမံကိန်းနှင့် ငွေ့တန်းရှည်စီမံကိန်း၊ ဟသ်ာတ ငပိဆိပ်စီမံကိန်းနှင့် မြန်အောင်ကဇွန်းခုံ စီမံကိန်းတို့ဖြစ်၍ ဧက ၄၉၂၀၀ ကို အကျိုးပြုတော့မည်ဖြစ်သည်။ **(ကြေးမုံ)**

ပုဂံညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေကို ရေတင်စက်များဖြင့်တင်ရန် လယ်မြေဧက ၁၁၀၀၀ ကို အကျိုးပြုသော လောကနန္ဒာ မြစ်ရေတင်စီမံကိန်းမှ ရေပေးမြောင်းဖြင့် ရေပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုက်ပျိုးရေး)

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် စိုက်ပျိုးရေရရှိရေးအတွက် ဧက ၃၅၀၀ အကျိုးပြုလျက်ရှိသော ကျောက်တစ်လုံး ရေတင်စခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုက်ပျိုးရေး)

ဒေါပုံ စာပေနှင့်စာနယ်ဇင်း ဆုရအဖွဲ့ဝင်များအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂၁

ဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၃ခုနှစ်အတွင်း နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၈ရက်က ဒေါပုံ အထက(၁)တွင် ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဦးမြင့်လွင်တို့က အမှာစကားပြောကြားပြီး ဆုရပညာရှင်များဖြစ်ကြသည့် ရဲအုပ်မောင်မောင်သန်း (မောင်သက်နှင်း မ/ဉ) စာပေဆုခုနစ်ဆု၊ အရာခံဗိုလ်မိုးအောင် (မောင်မောင်မိုးအောင်) စာပေဆုတစ်ဆု၊ ဦးသိန်းဆောင် (မြေလတ်မင်းလွင်) စာပေဆုတစ်ဆု၊ ဒေါ်တင်ရီ (ဖြူမာသန့်)ပြန်/ဆက် စာပေဆုတစ်ဆု ရရှိသူအသီးသီးသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာကြည့်တိုက်အတွက် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက လှူဒါန်းသော စာအုပ်မျိုးစုံ ၄၂၉အုပ် တန်ဖိုးငွေကျပ် တစ်သိန်းနှစ်သောင်းကျော်ဖိုးကို မြို့နယ် စာပေနှင့်စာနယ်ဇင်းဉက္ကဋ္ဌ ဦးမိုးအောင် (မောင်မောင်မိုးအောင်)က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဦးမြင့်လွင်သို့ ပေးအပ်လှူဒါန်းသည်။ (က-ပ)

▲ **ကိုယ်ပိုင်ယာဉ်မှ**

သို့သော်လည်း ယာဉ်မောင်းသူများသည် စည်းကမ်းလိုက်နာမှု နည်းပါးသဖြင့် ယာဉ်တိုက်မှုကြောင့် သေကြေပျက်စီးမှုများ ဖြစ်ပွားလျက်ရှိနေသဖြင့် ကိုယ်ပိုင်ယာဉ်မောင်းသူများ၊ အငှားယာဉ်မောင်းသူများ၊ ဌာနဆိုင်ရာ ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထား လိုက်နာကြရန် လိုအပ်သည်။ လိုက်နာခြင်းမရှိသည့် ယာဉ်မောင်းများကို ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးကြေညာချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဉယျာဉ်
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (က)ပထမနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ)(ရက္ခဗေဒ)
၅:၀၅ ၆။ အဆိုပြိုင်ပွဲ
၅:၁၅ ၇။ **စမ်းချောင်းထဲကရေ နေရောင်အောက်က မီး (အပိုင်း-၃) (ခန့်စည်သူ၊ပြေတီဦး၊ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်၊ခင်သန်းနွယ်) (ဒါရိုက်တာ-သက်တင်) (ကရင်ဘာသာစကားဖြင့်)**
၅:၃၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၅၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၇:၁၅ ၁၄။ ကော်ဖီ(အပိုင်း-၂)
၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
၇:၄၀ ၁၆။ သားငါးရိက္ခာပြည့်ဝမ်းစာ တိုးတက်ဖွေရှာကြိုးပမ်းပါ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဓာတ်လမ်းတွဲ သစ္စာ (အပိုင်း-၁၁)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

Digital Future သရုပ်ပြရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

အနာဂတ်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ အဖွဲ့အစည်းအသီးသီးမှ ၎င်းတို့၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရန် မည်ကဲ့သို့ အသုံးပြုနိုင်သည့် Digital Future Seminar ကို CE Technologies Co., Ltd. နှင့် Cho Cho Co., Ltd တို့ ပူးပေါင်း၍ ယနေ့နံနက် ၉နာရီက လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပရာ အခမ်းအနားသို့ အီး-အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဉက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းဉက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ Bagan Cyber Tech မှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးတင်ဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ICTနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့မှ ဉက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းဉက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် CE Technologies Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးပြုံးမောင်မောင်နှင့် Biz Point International Pte., Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Lee Tong Tai တို့က အမှာစကားပြောကြားသည်။

ဒုတိယအပိုင်းအစီအစဉ်အရ Signet Technology Pte., Ltd.၊ Biz Point International Pte., Ltd.၊ Vis Technology Pte., Ltd. တို့မှ Network, Security တို့နှင့် ပတ်သက်၍လည်းကောင်း၊ Enterprise Resource Planning (ERP) နှင့် လက်ရှိအသုံးပြုလျက်ရှိသော Digital Organization တို့ဖြင့် ကိုးကားလျက် မြန်မာနိုင်ငံအတွက် အသုံးပြုနိုင်သော Digital Future နှင့် ပတ်သက်၍ သရုပ်ပြ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သရုပ်ပြဆွေးနွေးပွဲကို ဇူလိုင် ၂၂ရက်တွင် ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများအား ဆက်လက်ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။ IT Solution နှင့် ပတ်သက်၍ CE Technology နှင့် Cho Cho Co., Ltd. သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၁၁)

မောင်ရင်မှိုင်း

"အချိန်တန် အိမ်ပြန်ရမှာမို့"

"အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မတ္တရာကနေ မန္တလေးကိုအထွက် လက်သွက် ခြေသွက် ရိုက်နှက်ကန်ကျောက် ပစ်ပေါက်မှုတွေအပေါ် ခရီးစဉ်မှာပါတဲ့ လူကြီးတွေအပိုင်းက တစ်စုံတစ်ရာ ပိတ်ပင်ဟန့်တားမှုတွေ မရှိခဲ့မှုဟာ ယာဉ်တန်းမှာပါလာတဲ့ လူငယ်အဖွဲ့တွေကိုရော၊ နယ်မြေခံပါတီဝင်တွေကိုပါ "ဒီလိုနည်းနဲ့ ရှင်းတာ အကောင်းဆုံးပဲ၊ ဆက်လုပ်"လို့ လုပ်ငန်းလမ်းညွှန်မှု ပေးလိုက်သလို ဖြစ်ခဲ့ရတယ်။

ကျွန်တော်တို့အဖွဲ့ မန္တလေးကို စဝင်တော့ ညနေငါးနာရီခွဲလုနေပြီ။ မန္တလေးမြို့ထဲကို ကျွန်တော်တို့အဖွဲ့တွေဝင်ပြီဟေ့ဆိုတာနဲ့ ရုတ်ရုတ်သဲသဲဖြစ်အောင် မလိုလားအပ်တဲ့ အော်ဟစ်ဆူပူမှုတွေလုပ်ခဲ့ကြတယ်။ ၁၉၈၈ခုနှစ် ဆူပူဆန္ဒပြမှုကာလကပုံစံမျိုး လက်သီးလက်မောင်းတန်းပြီး အော်ချင်ရာ အော်ကြပါတယ်။ ညနေခြောက်နာရီကျော်လောက်မှာ မဟာအောင်မြေမြို့နယ် ၃၈လမ်း (၇၉-၈၀) လမ်းကြား အကွက်(၆၅၄) မှာရှိတဲ့ မန္တလေးတိုင်း အင်န်အယ်လ်ဒီရုံးရှေ့ကိုရောက်တယ်။ "အန်တီစု"တို့ ဆင်းကြပြီ။

မန္တလေးဆိုတာက သိတဲ့အတိုင်းပဲ။ မိုးလင်းမိုးချုပ်၊ သန်းကောင်ယံအချိန်တွေအထိ လမ်းကြီးလမ်းငယ်အသွယ်သွယ်မှာ လူအသွားအလာပြတ်တာမဟုတ်ဘူး။ သူ့ဟာနဲ့သူ ပျားပန်းခပ်ရှုပ်နေကျ။ ဟော-အခု ကျွန်တော်တို့အဖွဲ့လည်း ရောက်ရော ပိုဆိုးပါလေရော။ ပါတီဝင်အင်အားနှစ်ရာကျော်လောက်က လမ်းသလားပြပြီး ရုတ်ရုတ်ရုတ်ရုတ်လုပ်လိုက်မှုကြောင့် ဘာများလဲဟ၊ ညာများလဲဟဲ့နဲ့ လူတွေဝိုင်းအုံလာပြီ။ မန္တလေးလမ်းတွေက သူ့ဟာနဲ့ သူ့ အရှိန်နဲ့သွားနေကြရင် ရှုပ်ရုံပဲရှုပ်တာ၊ နည်းနည်းတန့်လိုက်တာနဲ့ ရေမြောင်းတွေလို ပိတ်ပြီး လူလုံးပြီ။

လမ်းပေါ်မှာ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ လူစုလူဝေးဖြစ်လာပြီဆိုရင် လမ်းဘေးဘယ်/ညာမှာရှိတဲ့ အိမ်တွေ၊ တိုက်ခန်းတွေအနေနဲ့ စိုးရိမ်မကင်းဖြစ်ကြတာချည်းပါပဲ။ တံခါးတွေ ပိတ်တဲ့သူပိတ်၊ သံပန်းတံခါးတွေ ဆွဲတဲ့သူကဆွဲ၊ ဆိုင်သိမ်းတဲ့သူကသိမ်းနဲ့ ထိတ်ထိတ်ပျာပျာတွေဖြစ်ကုန်ရော။ အဲဒီအတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေအပိုင်းက လူစုလူဝေးတွေနဲ့ ရုတ်ရုတ်သဲသဲ မဖြစ်အောင်၊ မလိုလားအပ်တဲ့ လမ်းပိတ်ဆို့မှုတွေ မဖြစ်ရလေအောင် ရှင်းလင်းဆောင်ရွက်ရတာဟာ သဘာဝကျပါတယ်။

"အန်တီစု"ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မန္တလေးတိုင်း "အင်န်အယ်လ်ဒီ" ပါတီရုံးကို ရောက်ပြီး မကြာခင်မှာပဲ (၃၈)လမ်း ပိတ်ဆို့မှုဖြစ်နေပြီ။ လူစုလူဝေးမဖြစ်ဖြစ်အောင် "အန်တီစု"ကိုဗန်းပြပြီး မြှူဆွယ်လှုံ့ဆော်မှုတွေကလည်း အမျိုးမျိုးလုပ်နေကြတာကိုး။ တာဝန်ရှိသူတွေအပိုင်းကလည်း ကားပေါ်အသံချဲ့စက်တင်ပြီး

"...လုပ်သားပြည်သူများခင်ဗျား၊ လမ်းပိတ်ဆို့မှုဖြစ်နေတဲ့အတွက် အများပြည်သူ အနှောင့်အယှက် မဖြစ်စေရန်နှင့် ယာဉ်ကြော မပိတ်ဆို့စေရန် လမ်းဘေးဝဲ၊ ယာသို့ ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား..."

လို့ပြောကြားလာတာကို ကြားနေရပါတယ်။ အဲဒီ ဒိုင်နာကား(၇၈)လမ်း အနောက်ကိုချိုးကွေ့ပြီး လမ်းဘေးတစ်နေရာမှာနေရာယူပြီး ရပ်လည်းရပ်လိုက်ရော ကျွန်တော်တို့အဖွဲ့က လူငယ်အချို့နဲ့ မြို့ခံအချို့ပေါင်းပြီး လက်စွမ်းပြလိုက်တာ လမ်းရှင်းပေးနေတဲ့ ဒိုင်နာကား လေကာမှန်ကြီး စိစိညက်ညက်ကြေပါလေရောပဲ။ "အန်တီစု"ကတော့ တိုင်းရုံး ဒုတိယထပ်ကနေ ဟောလို့ပြောလို့ ကောင်းတုန်း။ ညဆယ်နာရီကျော်တော့ လမ်းပေါ်က အခြေအနေတွေ အားလုံးပုံမှန်ပြန်ဖြစ်သွားပြီ။ ကျွန်တော်တို့ လမ်းရှင်းပေးရတဲ့ အလုပ်က ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေမှာ မလွဲဘူး။

မေလ ၂၈ ရက်။

ကျွန်တော်တို့အဖွဲ့ စတည်းချနေတဲ့ "အင်န်အယ်လ်ဒီ" တိုင်းရုံးရှေ့က ကြော်ငြာဆိုင်းဘုတ်မှာ ဘယ်လိုကြေညာထားတယ်မှတ်လဲ။ မေလ ၂၇ ရက်နေ့ လှုပ်ရှားမှုတွေကို အကျဉ်းချုံးဖော်ပြထားပြီး "၂၈-၅-၂၀၀၃ ရက်နေ့၊ ဒီနေ့တစ်နေကုန်နားမည်" တဲ့။ ကြေညာထားတဲ့အတိုင်း ကျွန်တော်တို့အဖွဲ့တွေ လမ်းမထွက်ခဲ့ကြဘူး။ တိုင်းရုံးထဲကိုတော့ အလျှိုအလျှို လာလိုက်ကြတာ။ ရှေ့ပေါက်က ဝင်လိုက်၊ နောက်ပေါက်က ဝင်လိုက်နဲ့။ မျက်စိကို နောက်နေတာပဲ။ ညဆယ်နာရီလောက်အထိ အဝင်အထွက်တွေနဲ့ ရှုပ်ကောင်းတုန်း။ ကျွန်တော် ညအိပ်ရာထဲဝင်တော့ နောက်တစ်နေ့ ခရီးစဉ်တွေအတွက် ချောချောမောမော မှဖြစ်ပါ့မလားဆိုတဲ့အတွေးနဲ့ အိပ်မပျော်ခဲ့ဘူး။

ဒီလိုစိတ်ပူ ဖြစ်ခဲ့ရတာကလည်း တခြားအကြောင်းကြောင့်မဟုတ်ဘူး။ "အန်တီစု" အနေနဲ့ အဖွဲ့တွေလည်း အိပ်ရာဝင်မယ်လို့ ဟန်ပြင်နေတုန်း တင်ထွဋ်ဦးရဲ့ တယ်လီဖုန်းနဲ့ သတင်းပို့သံကြားလိုက်ရတယ်။ ယာဉ်ထိန်းရဲတွေ စီးနင်းလိုက်ပါလာတဲ့ ကားတစ်စီးဟာ "အန်တီစု" တရားဟောတာကို နားထောင်နေတဲ့ လူအုပ်ကြားထဲကို အရှိန်ပြင်းပြင်း ဖြတ်သန်းမောင်းနှင်လာတဲ့အတွက် လူအချို့က တုတ်နဲ့ဝိုင်းရိုက်လို့ မှန်ကွဲသွားတာကို သတင်းထုတ်ပြန်ပါ ဆိုတဲ့အကြောင်း ...။

မေလ ၂၇ ရက်။

မန္တလေးမြို့ပေါ်က မြို့နယ်ပါတီရုံးတွေနဲ့ တံတားဦးမြို့နယ်ပါတီရုံးကို ခြေဆန့်ခရီးထွက် ဟောတာပြောတာတွေ လုပ်ကြရင်းနဲ့ပဲ တစ်နေကုန်သွားတယ်။ သွားလေရာခရီးမှာ ဆိုင်ကယ်တွေ တသီတတန်းကြီးနဲ့မို့ မြို့ခံလူတွေကတော့ ကျွန်တော်တို့ကို ကောင်းကောင်း မေတ္တာပို့ကြမှာ သေချာတယ်။ တာဝန်ရှိသူတွေ အပိုင်းကလည်း မုံရွာတစ်လျှောက် ခရီးစဉ်တွေအတွက် အင်အားအခိုင်အမာစုဖွဲ့ပြီး သွားလာလှုပ်ရှားနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်နေလို့ပါ။ "အန်တီစု"ရဲ့ ညွှန်ကြားချက်အရ တိုင်းဥက္ကဋ္ဌ ဦးဘိုဇံက မန္တလေးတိုင်း လေးမြို့နယ်က ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေကိုခေါ်ပြီး စစ်ကိုင်းတိုင်းအတွင်းက မုံရွာတစ်လျှောက် ခရီးတွေမှာ မန္တလေးတိုင်းလေးမြို့နယ်က တစ်မြို့နယ်ကို အနည်းဆုံး ကားတစ်စီးနှုန်းနဲ့ တိုင်း/စည်းအဖွဲ့တွေကို အမာခံထားပြီး ကျန်တဲ့လူတွေထဲက လိုက်ချင်တဲ့လူမှန်သမျှ အကုန်ခေါ်လာဖို့ ညှိနှိုင်းနေတာကို ကျွန်တော် သိနေတာကိုး။

ဒါ့အပြင်

"အန်တီစု" အပိုင်းကလည်း မန္တလေးမြို့ပေါ်က ဟောပြောမှုတွေမှာ လှုံ့ဆော်သွေးထိုးစကားတွေအမျိုးမျိုးလှည့်ပတ်ပြီး ပါတီဝင်တွေရဲ့ စိတ်ထဲခံပြင်းစိတ်တွေ၊ မုန်းတီးမှုတွေ ပေါ်ပေါက်လာအောင် ရိုက်သွင်းပေးခဲ့သလို အနောက်မြောက်မြို့နယ် "...
ရုံးရှေ့ ဟောပြောပွဲမှာ–

"...နိုင်ငံရေးလုပ်တဲ့နေရာမှာ အ...
မှုတည်ပြီး ရှေ့ကိုတိုးသင့်တဲ့အခါ...
တိုးရမယ်၊ နောက်ကို ဆုတ်သင့်...
နောက်ကို ဆုတ်ရမယ်၊ စွန့်လွှတ်...
စွန့်လွှတ်ရမှာပဲ ..."

ဆိုတဲ့စကားနဲ့ ပါတီဝင်တွေ မိုက်...
လုပ်ချင်လာအောင် ရဲဆေးတင်ပေးတာ...
နေတယ်လေ။ အဲဒီတော့ ရှေ့ဆက်...
ထိပ်တိုက်တွေ့မှုတွေ မလွဲမသွေ...
ဆိုတာကို ကျွန်တော်တွက်မိနေတယ်...

မေလ ၂၉ ရက်။

မန္တလေးကနေ ထွက်ပြီ။ မန္တလေ...
တစ်လျှောက် တစ်မြို့ဝင် တစ်မြို့ထွက်...
တစ်ရွာထွက်နဲ့ လာလိုက်ကြတာ လမ်...
တွေရှိသလို ကန့်ကွက်ရှုတ်ချ ဆန္ဒပြသူ...
ကြုံခဲ့ကြရတယ်။ ထူးထူးခြားခြား...
ပဲကတိုးဂိတ်အကျော် ကျောက်ဆည်နဲ့ က...
လမ်းဘေးကို ကျွန်တော်တို့ယာဉ်တန်...
ဆိုင်ကယ်တစ်စီး သူ့ဘာသာ လမ်းဘေး...
တိမ်းမှောက်သွားခဲ့တယ်။

ညနေ ခြောက်နာရီ ထိုးပြီးစမှာ...
ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မုံရွာ...
တယ်။ မုံရွာမြို့နယ် အင်န်အယ်လ်ဒီ ဆ...
ရုံးခန်းဖွင့်မှာက ချမ်းမြသာစည်ရပ်ကွ...
လမ်း အကွက်(၁၁၇/ခ)မှာရှိတဲ့ ...
နေအိမ်။ မုံရွာမြို့ဝင်ဂိတ်နဲ့ဆိုရင် အ...
သုံးမိုင်ပေါ့။ ပုံမှန်အတိုင်းသာ ယာဉ်တ...
ကြည့်၊ မိနစ် ၂၀ထက်မပိုဘူး။ ဒါပေမ...
တို့အဖွဲ့ ယာဉ်တန်းကို ခြေတစ်ဖက်...
သွားသလိုသွားနေတဲ့အတွက် ညကို...
ဆိုင်းဘုတ်တင်မယ့်နေရာကို ရောက်...

သွားတဲ့ယာဉ်တန်းကိုလည်းကြည့်...
မုံရွာအကြားမှာရှိတဲ့ မြို့တွေက ထပ်...
ကြတဲ့ ကားတွေနဲ့ဆိုရင် အစီး ၃...
မော်တော်ဆိုင်ကယ်ကတော့ အစီး...
ရှိမယ်ထင်တယ်။ အချိန်ကလည်း...
ဆိုတော့ အလုပ်သိမ်း၊ ဈေးသိမ်းတို့...
ကလည်း ကိုယ်လက်လှုပ်ရှား အညော...
လျှောက်ကြတဲ့အချိန်မှာ ကျွန်တော်တို့...

၂၆-၅-၂၀၀၃ ရက်နေ့ မန္တလေး 'အင်န်အယ်လ်ဒီ' တိုင်းရုံးရှေ့ ဒေါ်စုကြည်ဟောပြောပွဲကြောင့် လမ်းများပိတ်ဆို့မှု ဖြစ်နေသည်ကို ကူညီဆောင်ရွက်ပေးခဲ့သော ယာဉ်ထိန်းရဲအဖွဲ့သုံး လမ်းရှင်းမော်တော်ယာဉ် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လေကာမှန်ကွဲနေပုံ။

၂၉-၅-၂၀၀၃ ရက်နေ့ လိုင်းကားတွယ်စီးသည်နှင့်မခြား ဒေါ်စုကြည်ကားကို အတွယ်အတာများဖြင့် လိုက်ပါစီးနင်းလာကြသော ဇရုတ်သုတ်ခ ပါတီဝင်များ စစ်ကိုင်းမြို့သို့ အဝင်။

၂၉-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းမြို့သို့ အဝင် လမ်းတစ်လျှောက် လမ်းလုံးပြည့်မျှ နေရာယူကာ ဇရုတ်ကျ ဝင်ရောက်လာသော ဒေါ်စုကြည် ယာဉ်တန်းပါ စည်းမဲ့ကမ်းမဲ့ ဆိုင်ကယ်စီးများ။

ယာဉ်တန်းမှာပါဝ...
ကြွေးကြော်မှုတွေကြေ...
ပျက်ပြားပြီး ဆူပူဆန္ဒပြ...
အထိတ်တလန့် ဖြစ်ခဲ့...
စည်းကမ်းမရှိတဲ့ ဒီမိုက...



၂၉-၅-၂၀၀၃ ရက်နေ့ ဒေါ်စုကြည်ယာဉ်တန်း စစ်ကိုင်းတိုင်းရုံးရှေ့တွင် အုပ်စုဖွဲ့ ပရမ်းပတာမောင်းနှင်မှုကြောင့် ခရီးသွား ဆလွန်းကားတစ်စီး လမ်းဘေးချရှောင်ရှားပေးခဲ့ရပုံ။

ပေးခဲ့သလို အနောက်မြောက်မြို့နယ် "အင်န်အယ်ဒီ" ရုံးရှေ့ ဟောပြောပွဲမှာ–

"...နိုင်ငံရေးလုပ်တဲ့နေရာမှာ အချိန်အခါပေါ်မူတည်ပြီး ရှေ့ကိုတိုးသင့်တဲ့အချိန်မှာ ရှေ့ကိုတိုးရမယ်၊ နောက်ကို ဆုတ်သင့်တဲ့ အချိန်မှာ နောက်ကို ဆုတ်ရမယ်၊ စွန့်လွှတ်သင့်ရင်လည်း စွန့်လွှတ်ရမှာပဲ ..."

ဆိုတဲ့စကားနဲ့ ပါတီဝင်တွေ မိုက်ရူးရဲဆန်ဆန် လုပ်ချင်လာအောင် ရဲဆေးတင်ပေးတာတွေ လည်းရှိနေတယ်လေ။ အဲဒီတော့ ရှေ့ဆက်ရမယ့်ခရီးမှာ ထိပ်တိုက်တွေ့မှုတွေ မလွဲမသွေဖြစ်တော့မည် ဆိုတာကို ကျွန်တော်တွက်မိနေတယ်။

မေလ ၂၉ ရက်။

မန္တလေးကနေ ထွက်ပြီ။ မန္တလေး–မုံရွာလမ်း တစ်လျှောက် တစ်မြို့ဝင် တစ်မြို့ထွက်၊ တစ်ရွာဝင် တစ်ရွာထွက်နဲ့ လာလိုက်ကြတာ လမ်းမှာကြုံတဲ့သူတွေရှိသလို ကန့်ကွက်ရှုတ်ချ ဆန္ဒပြသူတွေနဲ့ လည်း ကြုံခဲ့ကြရတယ်။ ထူးထူးခြားခြား ဖြစ်ရပ်ဆိုလို့ ပဲကတိုးဂိတ်အကျော် ကျောက်ဆည်နဲ့ ကန်ရွာ အကြား လမ်းဘေးကို ကျွန်တော်တို့ယာဉ်တန်းနဲ့ ပါလာတဲ့ ဆိုင်ကယ်တစ်စီး သူ့ဘာသာ လမ်းချော်ပြီး ထိုးကျတိမ်းမှောက်သွားခဲ့တယ်။

ညနေ ခြောက်နာရီ ထိုးပြီးစမှာ "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မုံရွာကို ရောက်ကြတယ်။ မုံရွာမြို့နယ် အင်န်အယ်လ်ဒီ ဆိုင်းဘုတ်တင်ရုံးခန်းဖွင့်မှာက ချမ်းမြသာစည်ရပ်ကွက် သာစည်လမ်း အကွက်(၁၁၇/ခ)မှာရှိတဲ့ ဦးတင့်လွင်ရဲ့နေအိမ်။ မုံရွာမြို့ဝင်ဂိတ်နဲ့ဆိုရင် အလွန်ဆုံးရှိလှမှ သုံးမိုင်ပေါ့။ ပုံမှန်အတိုင်းသာ ယာဉ်တန်းကို မောင်းကြည့်၊ မိနစ် ၂၀ထက်မပိုဘူး။ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့ ယာဉ်တန်းကို ခြေတစ်ဖက်ကျိုးနေတဲ့ လိပ်သွားသလိုသွားနေတဲ့အတွက် ညကိုးနာရီထိုးမှပဲ ဆိုင်းဘုတ်တင်မယ့်နေရာကို ရောက်တော့တယ်။

သွားတဲ့ယာဉ်တန်းကိုလည်းကြည့်ဦး၊ မန္တလေးနဲ့ မုံရွာအကြားမှာရှိတဲ့ မြို့တွေက ထပ်ပြီး လိုက်လာကြတဲ့ ကားတွေနဲ့ဆိုရင် အစီး ၃၀ကျော်တယ်။ မော်တော်ဆိုင်ကယ်ကတော့ အစီး ၂၀၀လောက်ရှိမယ်ထင်တယ်။ အချိန်ကလည်း ညနေစောင်းဆိုတော့ အလုပ်သိမ်း၊ ဈေးသိမ်းတို့အပြန်၊ အချို့ကလည်း ကိုယ်လက်လှုပ်ရှား အညောင်းပြေလမ်းလျှောက်ကြတဲ့အချိန်မှာ ကျွန်တော်တို့ပါတီရဲ့ ပွဲဆူအောင်လုပ်တဲ့ နည်းဗျူဟာနဲ့ကတော့ အချိန်ကိုက်ပါပဲ။

ယာဉ်တန်းမှာပါတဲ့ ပါတီဝင်တွေရဲ့ အော်ဟစ်လှုံ့ဆော်ကြွေးကြော်မှုတွေကြောင့် မုံရွာမြို့ပေါ်မှာ အေးချမ်းတည်ငြိမ်မှုပျက်ပြားပြီး ဆူပူဆန္ဒပြ အော်ဟစ်တဲ့အသံများကြောင့် မြို့လူထုမှာ အထိတ်တလန့်ဖြစ်ခဲ့ရတယ်။ ဒါဟာ...ဒီမိုကရေစီလား...။ စည်းကမ်းမရှိတဲ့ ဒီမိုကရေစီလို ဖြစ်နေတာတော့ အမှန်ပဲ။

ညတွင်းချင်း ရောက်ရောက်ချင်းမှာပဲ မုံရွာ မြို့နယ် အင်န်အယ်လ်ဒီရုံး ဆိုင်းဘုတ်ကို ကောက်တင်လိုက်တယ်။ ဘာအနှောင့်အယှက်မှ မရှိခဲ့ဘူး။ "အန်တီစု" မသိလိုက်တာလား။ မသိချင်ယောင်ဆောင်နေတာလားတော့ ကျွန်တော်မသိလိုက်ဘူး။ ညဆယ့်တစ်နာရီမှ တည်းခိုမယ့်ဦးကြည်စိုး နေအိမ်ကို ရောက်တော့ ကျွန်တော်သတင်းတစ်ခုကြားခဲ့ရတယ်။ မုံရွာမြို့နယ် အင်န်အယ်လ်ဒီ တာဝန်ရှိသူတွေက သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများကို ခွင့်ပြုမိန့်သဘောတူညီချက် တောင်းခံရယူထားတာ မရှိသေးဘူးဆိုတဲ့ သတင်းပါပဲ။

မုံရွာရောက်ခိုက် မြို့ခံပါတီဝင်အချို့ကို မေးမြန်းစူးစမ်းဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုက မုံရွာမြို့နယ် အင်န်အယ်လ်ဒီပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်း ဆိုင်ကယ်အတိုက်ခံရတဲ့ကိစ္စဟာ ကျွန်တော်တို့ကြားခဲ့သလို တမင်တကာ လုပ်ကြံအတိုက်ခံရမှုလား၊ အမှန်တကယ် မတော်တဆဖြစ်မှုလားဆိုတဲ့ ကိစ္စပါ။ ကျွန်တော်တို့ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဘာဘဦးလွင်ရဲ့ ပြောကြားမှုကို အခြေခံပြီး ပြည်ပက အသံလွှင့်ဌာနရဲ့ ထုတ်လွှင့်ချက်ကတော့ ကြံခိုင်ရေးကပဲ ဆိုင်ကယ်နဲ့ တမင်လိုက်တိုက်သလိုလို ဘာလိုလိုနဲ့။

မြို့ခံပါတီဝင်တစ်ဦးရဲ့ ပြောပြချက်ကတော့ ရှင်းပါတယ်။ မေလ ၂၇ရက်နေ့တုန်းက ဒုဥက္ကဋ္ဌ ဒေါ်ခင်သန်းဟာ စစ်ကိုင်းတိုင်း အင်န်အယ်လ်ဒီဥက္ကဋ္ဌ ဦးဘာဘာနဲ့အတူ ဒီပဲယင်းမြို့ကို သွားဖို့အတွက် ဆူးလေကုန်းရပ်ကွက် ကျောက်ကာလမ်းမှာရှိတဲ့ သူ့ရဲ့နေအိမ်ရှေ့ကနေ ထွက်စောင့်နေသတဲ့။ အချိန်က မနက်ငါးနာရီ။ ဝေလီဝေလင်းအချိန်။ စောင့်နေတုန်းမှာပဲ ဦးဘာဘာကား ရောက်လာတယ်တဲ့။ လမ်းရဲ့ တစ်ဖက်ခြမ်းမှာပေါ့၊ ဦးဘာဘာ ကားက ဟွန်းတီးအချက်ပေးလိုက်တယ်ဆိုရင်ပဲ လာပြီ ဦးဘာဘာရေ လာပါပြီတော့ ဆိုပြီး လမ်းဘေး ဘယ်ညာမကြည့်ဘဲလမ်းဖြတ်ကူးလိုက်ချိန်မှာ ဘယ်သူဘယ်ဝါမောင်းနှင်လာမှန်းမသိတဲ့ ဆိုင်ကယ်တစ်စီးနဲ့ လမ်းပေါ်မှာ တိုက်မိတော့တာပဲတဲ့။

ဒေါ်ခင်သန်းဟာ အဲလို အတိုက်ခံရပြီးတဲ့နောက် ပြင်ပဆေးခန်းတစ်ခုကနေတစ်ဆင့် မုံရွာပြည်သူ့ဆေးရုံကြီးကို ပြောင်းရွှေ့ကုသခဲ့ရာမှာ ရေချိုးခန်းထဲမှာ ချော်လဲပြီးရတဲ့ဒဏ်ရာပါလို့ လိမ်ညာပြောဆိုပြီး တက်ရောက် ကုသခဲ့တာတဲ့။ သတင်းအစရတဲ့ ယာဉ်ထိန်းရဲအဖွဲ့ကလည်း ဆေးရုံပေါ်ရောက်နေတဲ့ ဒေါ်ခင်သန်းကို သွားရောက်တွေ့ဆုံပြီး အဖြစ်မှန်ကို မေးမြန်းခဲ့တယ်တဲ့။ ဒါပေမယ့် ကာယကံရှင် ဒေါ်ခင်သန်းကိုယ်တိုင်က အမှုမဖွင့်ချင်တဲ့အကြောင်း ပြောဆိုလက်မှတ်ထိုးပေးထားတဲ့ ကိစ္စတဲ့။ အဲဒီသတင်းက အမှန်ပါပဲ။

မေလ ၃၀ ရက်။

မနက်ဆယ်နာရီဝန်းကျင်မှာ"အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မုံရွာကနေ ထွက်ကြပြီ။ ခါတိုင်းမြို့နယ်တွေဆို တစ်မြို့နယ်နဲ့ တစ်မြို့နယ် အကူးမှာ ကျွန်တော်တို့ ယာဉ်တန်းနဲ့အတူ လိုက်ပါတဲ့ ပါတီဝင်တွေရှိတတ်ကြတယ်။ မုံရွာက ပါတီဝင်တွေကတော့ အဲသလို နောက်မြီးဆွဲ မလိုက်လာကြဘူး။ လမ်းမှာ သည်းထိတ်ရင်ဖို စိတ်နှလုံးချောက်ချားစရာ ဘာမှမကြုံရတာမို့ စိတ်ထဲလေးနေတာတွေ ပေါ့ပေါ့ပါးပါးတော့ ဖြစ်သွားတာပေါ့။

၂၉-၅-၂၀၀၃ ရက်နေ့ ဒေါ်စုကြည်နှင့် နောက်လိုက် ပါတီဝင်တစ်စု မုံရွာမြို့သို့အသွား ချောင်းဦးမြို့နယ် ရေပိုးစားကန်ရွာအနီးအရောက် ၎င်းတို့ကို ကန့်ကွက်ရှုတ်ချဆန္ဒပြနေကြသော ဒေသခံပြည်သူများ။

မွန်းလွဲ နှစ်နာရီလောက်မှာ ဘုတလင်မြို့ကို ဝင်ပါတယ်။ ခရီးရောက်မဆိုက် ဆိုသလိုပဲ ဘုတလင်မြို့နယ် ပါတီရုံးဆိုင်းဘုတ်တင်ပွဲကို ခပ်သွက်သွက်ကျင်းပလိုက်ကြပြီး ဟောစရာရှိတာဟော၊ ပြောစရာရှိတာပြော၊ လုပ်စရာရှိတာတွေလုပ်နဲ့ ညနေ လေးနာရီကျော်မှ ဘုတလင်ကနေ ထွက်ဖြစ်ကြတယ်။

စိုင်ပြင်ကြီးကိုရောက်တော့ နေဝင်ရီတရော အချိန်။ အမှောင်ထုက ပြူဆင်းလာနေပြီ။ အဲဒီကနေ ကျီရွာနားကိုရောက်တော့ လုံးဝ အမှောင်ဘက်ကို ကူးသွားပြီ။ ကျွန်တော်တို့ယာဉ်တန်းနဲ့ မျက်နှာချင်းဆိုင်မှာ ကားမီးတန်းတစ်ခု တွေ့လိုက်ရတယ်။ ကျွန်တော်တို့ယာဉ်တန်းရပ်ပြီ။ ဘာဖြစ်တာလဲ၊ ဘာလဲညာလဲနဲ့ အော်ကျယ်အော်ကျယ်တွေ မေးကြမြန်းကြလုပ်နေတုန်းမှာပဲ ကျွန်တော်တို့အဖွဲ့ကို ကန့်ကွက်ရှုတ်ချ ဆန္ဒပြတဲ့ ကြွေးကြော်သံတွေကြားလာရတယ်။

ကျွန်တော်တို့နဲ့ပါလာတဲ့ ကောင်တွေကလည်း သိတဲ့အတိုင်းပဲ။ လမ်းမှာ လက်စွမ်းပြလာတာတွေရှိခဲ့တော့ ဒီတစ်ချီလည်း အမှောင်ထုကို အကာအကွယ်ယူပြီး လက်ဦးမှုယူတဲ့အနေနဲ့ လေးခွအစွမ်းတွေ လမ်းပြလိုက်ကြလေရဲ့။ ကြွေးကြော်သံတွေကြားကနေ ပစ်တယ်ဟ...ပစ်တယ်ဟ...ဆိုတဲ့အသံတွေ၊ တအားအားနဲ့ အော်တဲ့အသံတွေ ကြားလိုက်ရတယ်။

ကျွန်တော်တို့နဲ့ပါလာတဲ့ကောင်တွေကလည်း သိတဲ့အတိုင်းပဲ။ လမ်းမှာ လက်စွမ်းပြလာတာတွေ ရှိခဲ့တော့ ဒီတစ်ချီလည်း အမှောင်ထုကို အကာအကွယ်ယူပြီး လက်ဦးမှုယူတဲ့ အနေနဲ့ လေးခွ အစွမ်းတွေ လမ်းပြလိုက်ကြလေရဲ့။ ကြွေးကြော်သံတွေကြားကနေ ပစ်တယ်ဟ... ပစ်တယ်ဟ...ဆိုတဲ့ အသံတွေ၊ တအား အားနဲ့ အော်တဲ့အသံတွေ ကြားလိုက်ရတယ်။

ကျွန်တော်တို့အဖွဲ့ရဲ့ လက်စွမ်းကြောင့် ကန့်ကွက်ရှုတ်ချဆန္ဒပြသူတွေရော၊ ဝိုင်းအုံကြည့်နေကြတဲ့ ဒေသခံတွေပါ အလစ်အငိုက်မိပြီး အထိနာသွားကြတယ်။ အဲ–သိပ်မကြာလိုက်ဘူး၊ ကျွန်တော်တို့ဘက်ကို တန်ပြန်ပစ်ပေါက်မှုတွေ လုပ်လာပြီ။ လောက်စာလုံးတွေ၊ ခဲလုံးတွေ တစ်လုံးပြီးတစ်လုံး တရစပ်ကျလာတယ်၊ အပြန်အလှန်ပစ်ပေါက်မှုတွေ၊ ထိမှန်မှုတွေနဲ့ ဆူညံနေတာပဲ။

တစ်ဆက်တည်းဆိုသလို မှောင်မှောင်မည်းမည်းထဲမှာ သူ့လူငါ့လူမခွဲနိုင်ဘဲ အပြန်အလှန်ရိုက်ကြ၊ နှက်ကြ၊ ဆဲကြ၊ ဆိုကြတဲ့ အသံတွေထွက်လာတယ်။ ပွဲကြမ်းပြီဆိုတာ သိလိုက်ရလို့ ပြေးနိုင်မှလွတ်မယ် ဆိုပြီး နီးစပ်ရာကားပေါ်ပြေးတက်ရပြီ။ အရေးထဲ ကားက တော်တော်နဲ့မထွက်နိုင်ဘူး။ ကျွန်တော်တို့တက်လိုက်တဲ့ကားက လူငယ်တာဝန်ခံ တင်ထွဋ်ဦးတို့အဖွဲ့ စီးလာတဲ့ကား။ (ဘ/၂၇၆၂)။

"အန်တီစု" ကားကတော့ လူကြားထဲကနေ အတင်းထိုးဖောက်မောင်းထွက်သွားတယ်။ ဒေါက်တာလှစိုးညွန့်တို့ရဲ့ မန္တလေးအုပ်စုတွေ စီးတဲ့ကားလည်း လမ်းဘေးလှည်းလမ်းအတိုင်း အတင်းရှေ့ကို မောင်းထွက်သွားတယ်။ ဒေါ်ဝင်းမြမြရဲ့ကားလည်း ထိုနည်းအတိုင်းလိုက်မောင်းတယ်။ ဖြစ်ချင်တော့ သူ့ကားရှေ့ကို ဆိုင်ကယ်ပေါ်က လူတစ်ယောက်က ပြုတ်ကျလာတယ်။ ရှောင်ချိန်မရလိုက်ဘူး။ ကားသမားကလည်း ဆွဲမိဆွဲရာ ဆွဲလိုက်တာ ကားကလမ်းဘေးထိုးဆင်းပြီး ကုက္ကိုပင်ကြီးကို ဝင်အောင်းပါလေရော။

သွားပြီးကယ်ဖို့ ဟန်ပြင်ကြပါသေးတယ်။ ဒါပေမယ့် အခြေအနေတွေက သိတဲ့အတိုင်းပဲ။ ဘယ်လိုမှ အချိန်မပေးနိုင်တော့ဘူး။ ရုန်းရင်းဆန်ခတ်ဖြစ်နေကြတဲ့အချိန်။ ကျွန်တော်တို့ကားလည်း လွတ်ရာလွတ်ကြောင်းဖြစ်ဖို့အတွက် ဦးတည်ရာကို မောင်းရပြီ။ ကားလမ်းညာဘက် လှည်းလမ်းအတိုင်း မောင်းလာလိုက်တာ မကြာပါဘူး၊ သဲနစ်တော့တာပဲ၊ သဲနစ်လို့ရုန်းနေတုန်းမှာပဲ ကားတွန်းပေးမယ့် သူတွေလား၊ ဝိုင်းရိုက်မယ့်သူတွေလား၊ ခြေဦးတည့်ရာပြေးတဲ့ လူတွေလား၊ ဘာလားညာလားမသိတဲ့ လူတစ်စု ပြေးလာတာကို မြင်လိုက်ရတဲ့အတွက် ကားပေါ်ပါ ကျွန်တော်တို့အဖွဲ့တွေလည်း ကြံရာမရနဲ့ ဆင်းပြေးခဲ့ကြတယ်။

ကျွန်တော် မှတ်မိသမျှကတော့ ကျွန်တော် ပြေးတက်လိုက်ပါခဲ့တဲ့ ဟိုင်းလတ်ကားပေါ်မှာ "အန်တီစု" ကားနဲ့ လိုက်လာတဲ့ ကောင်တွေလည်း ကြုံသလို တက်လိုက်လာတာကို တွေ့ခဲ့ရတယ်။ ခင်ဦး၊ သိန်းစိုး၊ ကျော်ဇင်ဝင်းနဲ့ တိုးလွင်တို့ လေးယောက်၊ ကျွန်တော်တို့အဖွဲ့တွေလည်း ပြေးရင်းပြေးရင်းနဲ့ အခြေအနေကိုလာရောက်ထိန်းသိမ်းပေးတဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေနဲ့တွေ့ပြီး ဘေးမသီ ရန်မခ အထိန်းသိမ်းခံခဲ့ရတယ်။ သိန်းစိုးနဲ့ခင်ဦး နှစ်ယောက်ကတော့ အဖမ်းခံရမှာကို ကြောက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အဆက်အသွယ်မလုပ်ဘဲ ရှောင်တိမ်း သွားခဲ့ကြတယ်။ အဲဒီနောက် ကျွန်တော်တို့ကို ရေဦးစခန်းပို့လိုက်ပါလေရော။ ပျော်လိုက်တာ။ ဘေးကင်းလုံခြုံသွားပြီလေ။

ရေဦး ရဲစခန်းထဲမှာလည်း ရှုပ်ယှက်ခတ် နေတယ်။ ကျွန်တော်တို့အဖွဲ့က ကောင်တွေ မကြည်မလင် မျက်နှာပေးတွေနဲ့။ ကျွန်တော်တို့နဲ့ မနီးမဝေးက ရဲအရာရှိကို အခြားရဲအရာရှိငယ်တစ်ဦးရဲ့ သတင်းပို့သံအရ အန်တီစုစီးတဲ့ ကားပေါ်ကနေ နှစ်တစ်လက်မတုတ် ချောင်းလေးချောင်း၊ လေးခွတစ်လက် တွေ့ရှိတဲ့အကြောင်း သိခဲ့ရတယ်။ ကျွန်တော် ဘေးကင်းလုံခြုံတဲ့ နေရာကို ရောက်နေပြီဆိုတဲ့အသိနဲ့ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ အချိန် တန်ရင် အိမ်ပြန် ရမှာပဲလို့ စိတ်ထဲမှာ မှတ်လိုက်မိပါတယ်။

(ဆက်လက်ဖော်ပြပါမည်)။

* **ပုလဲဒေဝီမှ**

ဖြူစင်သောစိတ်ဓာတ်ရှိသည့် လူမျိုးပီပီ ဖြူဖြူစင်စင် ရတနာကို ကျက်သရေရှိသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုခြင်းမှာ သဘာဝကျလှသည်။ အနောက်နိုင်ငံသားတို့အနေဖြင့်မူ ပုလဲကို ဝတ်ဆင်ခြင်းဖြင့် ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း၊ အသက်ရှည် ရှင်သန်နိုင်စွမ်းရှိခြင်း၊ အစဉ်ထာဝရနုပျိုခြင်း၊ ချမ်းသာသုခဖြင့် ပြည့်စုံသော အိမ်ထောင်ရေးရှိကြသည်ဟု ယူဆကြပေသည်။

ပုလဲလေးမျိုး

ကမ္ဘာပေါ်တွင် ပုလဲလေးမျိုးရှိရာ ရေချိုပုလဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အများဆုံး ထုတ်လုပ်သည်။ ကျန်ပင်လယ်ရေငန် ပုလဲသုံးမျိုးအနက် အကိုယာပုလဲမှာ ဂျပန်နိုင်ငံတွင် အများဆုံး ထွက်ရှိပြီး တောင်ပင်လယ် ပုလဲနက်မှာ တဟေတီနိုင်ငံတွင် အများဆုံး ထွက်ရှိသည်။ ငွေရောင်နှင့် ရွှေရောင်ရှိသော တောင်ပင်လယ် ပုလဲများမှာမူ မြန်မာနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်သာ ထွက်ရှိပေသည်။ ထိုပုလဲများမှာ အရွယ်အစား အကြီးမားဆုံးနှင့် တန်ဖိုးအမြင့်မားဆုံး ပုလဲရတနာများ ဖြစ်ကြသည်။

ပုလဲတစ်လုံး၏ တန်ဖိုးကို အရည်အသွေး တောက်ပခြင်း၊ မျက်နှာပြင်ချောမွေ့ခြင်း၊ ပုလဲသားထူခြင်း၊ အရွယ်အစားကြီးမားခြင်း၊ ပုံသဏ္ဌာန်လုံးဝန်းခြင်း၊ အရောင်အသွေး ကောင်းမွန်ခြင်းတို့အပေါ် မူတည်၍ ဆုံးဖြတ်လေ့ရှိသည်။

မြန်မာ့ပုလဲ

မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲများမှာ အရည်အသွေး တောက်ပခြင်း၊ မျက်နှာပြင်ချောမွေ့ခြင်း၊ ပုလဲသားထူခြင်းတို့ကြောင့် ကမ္ဘာတွင် လူကြိုက်အများဆုံးဖြစ်ပြီး ပုလဲတစ်လုံးလျှင် အမေရိကန် ဒေါ်လာ ၅၇၂၁ ဈေးအထိ ရရှိခဲ့ဖူးသည်။

ဝင့်ကြွားဂုဏ်ယူနိုင်

ထို့ပြင် ပုလဲရတနာနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မော်ကွန်းထိုးနိုင်သည့်သာဓကတစ်ရပ်လည်း ရှိခဲ့ပေသည်။ ၂၀၀၁ခုနှစ် ဧပြီ ၁၈ရက်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဇာဒက်ကြီး အနောက်မြောက်ဘက်မက်ကလောက်မုတ်ကောင် လုပ်ကွက်ဧရိယာမှ ရှာဖွေတွေ့ရှိခဲ့သည့် ကမ္ဘာ့အကြီးဆုံး သဘာဝ မြန်မာ့ပုလဲရတနာကြီးမှာ ပုလဲနှင့် ပတ်သက်လျှင် မြန်မာသည် ကမ္ဘာပေါ်တွင် ထိပ်ဟု ဝင့်ကြွားဂုဏ်ယူနိုင်ပေသည်။

ပုလဲမွေးစခန်းငါးခု

သဘာဝပုလဲများကို ရှေးနှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံ တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင် ငုပ်ယူရရှိခဲ့ကြပြီး မွေးပုလဲများကိုမူ ၁၉၅၄ခုနှစ်မှ စတင်၍ မွေးမြူထုတ်လုပ်ခဲ့ကြပေသည်။ ယခုအခါ တနင်္သာရီတိုင်း မြိတ်ကျွန်းစု ကျွန်းနှစ်ကျွန်းတွင် နိုင်ငံပိုင် ပုလဲမွေးစခန်းများနှင့် ကျန်ကျွန်းငါးကျွန်းတို့တွင် ကုမ္ပဏီပိုင် ပုလဲမွေးစခန်းငါးခုတို့ဖြင့် ပုလဲထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လမ်းညွှန်

နိုင်ငံတော်အကြီးအကဲက နှစ်စဉ် ပုလဲတစ်သိန်းထွက်ရှိရန် လမ်းညွှန်ထားခဲ့ရာ ၂၀၀၃ခုနှစ်အတွက် မြန်မာ့ပုလဲတစ်သိန်းကျော် မလွဲမသွေထွက်ရှိလာတော့မည်ဟု တာဝန်ရှိသူများထံမှ ကြားသိရသည်။ လာမည့်ဩဂုတ်လနှင့် စက်တင်ဘာလမှစတင်၍ ပုလဲဖော်လုပ်ငန်းများ စတင် ဆောင်ရွက်ကြပေတော့မည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ယခုကဲ့သို့ မြန်မာ့ပုလဲထုတ်လုပ်နေသကဲ့သို့ နှစ်စဉ် မြန်မာ့ပုလဲရောင်းချပွဲကိုလည်း ကျင်းပလျက်ရှိရာ ယခုနှစ် ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇူလိုင် ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၉၀) ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း ကျင်းပတော့မည်ဖြစ်သည်။

ရည်ရွယ်ထား

ပြည်တွင်းမြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို ၁၉၉၃-၉၄ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ရောင်းအားတက်ခဲ့သည်။၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေ ၁၇၃ ဒသမ ၈သန်း၊ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်တွင်မြန်မာ ကျပ်ငွေ ၂၆၈ဒသမ၃သန်းအထိ ရောင်းချခဲ့ရသည်။ ယခုနှစ်တွင်မူ ဇူလိုင်လနှင့် ဒီဇင်ဘာလတို့၌ တစ်ကြိမ်စီ ရောင်းချ ရန် စီစဉ်ထားရာ စုစုပေါင်း မြန်မာ ကျပ်ငွေ ကျပ်သန်းပေါင်း ၄၀၀ဖိုး ရောင်းချရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဒီဇိုင်းပြိုင်ပွဲ

ထို့ပြင် ယခုနှစ် ရောင်းချပွဲတွင် တစ်ကြိမ်တစ်ခါမျှ မပါဝင်ခဲ့ဖူးဘဲ ပထမဦးဆုံးအကြိမ် စီစဉ်ဆောင်ရွက်ခဲ့သည့် ပုလဲလက်ဝတ်ရတနာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲကိုပါ ထည့်သွင်းထားသည်။ မြန်မာ့ပုလဲ အရောင်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ပုလဲလက်ဝတ်ရတနာများ ပိုမိုဝတ်ဆင်နိုင်ရေး၊ ခေတ်မီဆန်းသစ်သော ပုလဲလက်ဝတ်ရတနာ ဒီဇိုင်းများ ပိုမိုတီထွင်ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် မြန်မာ့ပန်းထိမ်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းပုလဲရောင်းချပွဲကို တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပခြင်းဖြင့် ပုလဲများပိုမိုရောင်းချပြီး ဝင်ငွေတိုးတက်လာစေရန်နှင့် ပြည်ပမှ ဝင်ရောက်နေသည့် ပုလဲများကို ဟန့်တားရန်နှင့် ခေတ်မီဆန်းသစ်သော ပုလဲလက်ဝတ်ရတနာဒီဇိုင်းများ ထုတ်လုပ်နိုင်ပြီး ပြည်ပနိုင်ငံများသို့ ပုလဲလက်ဝတ်ရတနာများ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ကျင်းပပေးနေခြင်းဖြစ်သည်။

ဝင်ငွေပိုရနိုင်

ထို့ပြင်ပုလဲများကို ပုလဲလုံးအတိုင်း ရောင်းချခြင်းထက် လက်ဝတ်ရတနာအချောထည် ပြုလုပ်ရောင်းချခြင်းဖြင့် Value Added ဖြစ်ကာ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သည်။ ပုလဲထွက်ရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပုလဲလက်ဝတ်ရတနာများကို ပြည်ပသို့ များများတင်ပို့နိုင်လာပါက နိုင်ငံခြားငွေပိုမိုရရှိလာမည် ဖြစ်ပေသည်။

ယှဉ်ပြိုင်မှုပုံစံ

ပုလဲလက်ဝတ်ရတနာ ဒီဇိုင်းပြိုင်ပွဲနှင့်စပ်လျဉ်း၍ တင်ပြရလျှင် ပြိုင်ပွဲဝင်များသည် ပုလဲလက်ဝတ်ရတနာအစုံအလိုက်လည်းကောင်း၊ တစ်ခုချင်းအလိုက်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ အစုံအလိုက် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက ပုလဲလည်ဆွဲ၊ပုလဲနားကပ်၊ပုလဲလက်ကောက်၊ ပုလဲလက်စွပ်နှင့် ပုလဲဆွဲသီးပစ္စည်းငါးမျိုး ပါဝင်ပြသကြရမည်ဖြစ်သည်။ တစ်ခုချင်းအနေဖြင့်မူ ပုလဲနှင့်ပြုလုပ်သော လက်ဝတ်ရတနာ ဒီဇိုင်းပုံစံအမျိုးမျိုးကို အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ကြားသိရသည်။

ထို့ပြင် ပြိုင်ပွဲမှာ အဓိကအားဖြင့် ပုလဲလက်ဝတ်ရတနာပြိုင်ပွဲသာဖြစ်၍ စိန်၊ ပတ္တမြား၊ နီလာအစရှိသော အခြားရတနာများမှာ အရန်၊ အခြယ်ရတနာများသာဖြစ်ပြီး တောင်ပင်လယ်ပုလဲ South Sea Pearl အဖြူ၊ အဝါများဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားကြောင်း တစ်ဆက်တည်းသိရှိရသည်။

ပုလဲလက်ဝတ်ရတနာ အစုံအလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု သုံးဆု၊ ပုလဲ လက်ဝတ်ရတနာတစ်ခုချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် နှစ်သိမ့်ဆုနှစ်ဆု ချီးမြှင့်မည်ဖြစ်ရာ ဆုအဖြစ် မြန်မာ့ပုလဲနှင့် ပြုလုပ်ထားသည့် အမှတ်တရဆုများကို ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းစကားရေးသားတင်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် ဇူလိုင် ၂၁

သာသနာရေးဝန်ကြီးဌာနသည် ၁၉၉၈-၉၉ ခုနှစ်မှစ၍ မဇ္ဈိမဒေသရှိ သံဝေဇနီယလေးဌာန (ဗုဒ္ဓဂယာဘုရားဖူး) ခရီးစဉ်များကို ပို့ဆောင်ပေးလျက်ရှိရာ ယခုနှစ်၂၀၀၃-၂၀၀၄ ခုနှစ်တွင်လည်း လာမည့်ဩဂုတ်လမှစ၍ ယခင်နှစ်များကဲ့သို့ ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ရန်စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသရှိ သံဝေဇနီယလေးဌာန ဘုရားဖူးခရီးစဉ်များသည် ၁၄ညအိပ် ၁၅ရက်ခရီးဖြစ်ပြီး ရန်ကုန်မှ ကာလကတ္တား၊ ကာလကတ္တားမှ ပတ္တနားသို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ ပတ္တနားမှ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန်(ဗာရာဏသီ)၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံနှင့် ဝေသာလီဒေသများသို့ မော်တော်ယာဉ်ကြီးများဖြင့်လှည့်လည်ကြည့်ရှုဖူးမြော်ပြီး လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ဘုရားဖူးသွားလိုသူများအနေဖြင့် သာသနာရေးဝန်ကြီးဌာန သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ)ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း ဖုန်း ၀၁-၆၆၅၃၈၃နှင့် အကျိုးဆောင် ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း အမှတ်(၅၅) (၁၇)လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၉၁၅နှင့် ၀၁-၂၂၅၉၈၉တို့သို့ ဆက်သွယ်စုံစမ်း၍ ကာယကံရှင်များကိုယ်တိုင် လျှောက်လွှာများတင်သွင်းကြရန်နှင့်ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ တစ်ဖွဲ့တည်းကိုသာ တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သိရသည်။ (က-ပ)

၂၀၀၁ခုနှစ် ဧပြီ ၁၈ရက်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဇာဒက်ကြီး အနောက်မြောက်ဘက် မက်ကလောက်မုတ်ကောင်လုပ်ကွက် ဧရိယာမှ ရှာဖွေတွေ့ရှိခဲ့သည့် ကမ္ဘာ့အကြီးဆုံး သဘာဝ မြန်မာ့ပုလဲ ရတနာကြီးမှာ ပုလဲနှင့် ပတ်သက်လျှင် မြန်မာသည် ကမ္ဘာပေါ်တွင် ထိပ်ဟု ဝင့်ကြွားဂုဏ်ယူနိုင်ပေသည်။
(ကြေးမုံ)



သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ဓမ္မဗိမာန် ဓမ္မာစရိယ သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အဘယာရာမတိုက် စိန်ရတနာကျောင်း၌ ဓမ္မဗိမာန် ဆရာတော် ဘဒ္ဒန္တ သာသနဝရ (ဓမ္မာစရိယ၊ M.A)က ပါရာဇိကဏ်အဋ္ဌကထာကိုလည်းကောင်း၊ ဦးထွန်းဦး(မဟာဓမ္မာစရိယ၊ M.A, ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)က သီလက္ခန်အဋ္ဌကထာကိုလည်းကောင်း၊ ဦးသူရ (ပထမကျော်၊ ကျော်လေးကျော်၊ သာသနဓဇ ဓမ္မာစရိယ၊ ပိဋကတ္တယကောဝိဒ)က အဋ္ဌသာလိနီအဋ္ဌကထာကို လည်းကောင်း ဩဂုတ် ၄ရက်မှစ၍ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးမည် ဖြစ်သည်။ တက်ရောက်လိုသော သံဃာတော်များသည် ဖုန်း-၂၁၁၃၅၉သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ချစ်လှွန်းသူများ သတိထား

* လူနှင့် လူချင်း၊ ပေါင်းကာသင်းလျှင်
ချစ်ခြင်းမူလ၊ ပထမကား
ဆွေသားရင်းချာ၊ မျိုးဆွေပါ။

* မျိုးဆွေပြီးက၊ ဒုတိယတွင်
ခင်မင်နီးကပ်၊ မပြတ်သွားလာ
မေတ္တာရှိခြင်း၊ အိမ်နီးချင်း။

* အိမ်နီးချင်းနောက်၊ စူးရောက်မေတ္တာ
ကိုယ့်ရပ်ရွာတွင်း၊ ရွာသားချင်း။

* တခြားရွာနေ၊ ရွာသားတွေက
ကိုယ့်ရွာမှလူ၊ တစ်ယောက်သူအား
ရွာသားချင်းချင်း၊ အိမ်နီးချင်းနှင့်
သားချင်းတစ်တွေ၊ ဆွေမျိုးတွေထက်
ပေးဆက်ချစ်ခြင်း၊ ထန်ပြင်းမေတ္တာ
ပြသလာလျှင်၊ ရွာသားရွာသူ
သတိမူကြ၊ နိုးကြားကြ
ချစ်ခင်ဘဝ၊ ရှိမူလ
မပျက်စီးအောင် ထိန်းသိမ်းကြ။ ။

ဖိုးဝ

ရေခဲသေတ္တာ၊ အဲယားကွန်း သီးသန့်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

ရေခဲသေတ္တာ၊ အဲယားကွန်း အခြေခံအသုံးချနည်းစနစ်များ၊ ပြုပြင်ထိန်းသိမ်းတပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာများကို GRACE TRAINING AND SERVICE CENTRE မှ စာတွေ့၊လက်တွေ့(လက်တွေ့ဦးစားပေးစနစ်၊ တစ်လပြတ်) ပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်သက်ရင့် နည်းပြဆရာများကိုယ်တိုင် လစဉ်တန်းခွဲသစ်နှစ်ခု ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသည်။

တိုးတက်ထွန်းကားလိုသူ လူငယ်များအတွက်၊ ကုမ္ပဏီ၊ စက်ရုံအလုပ်ရုံနှင့် (Shore Jobs) များတွင် Professional ဖြစ်စေပြီး (အခြေခံပိုင်မှ လက်တွေ့နိုင်မည်)ဟူသောဆောင်ပုဒ်ဖြင့် နိုင်ငံတကာအဆင့်မီဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို ရုံးခန်း၊ သင်တန်းခန်းမ အမှတ်(၆၉) ပထမထပ် ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ် (တာမွေအဝိုင်းမှတ်တိုင်အနီး) ဖုန်း-၇၀၇၉၅၆ သို့ ဆက်သွယ်စာရင်း ပေးသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

အိမ်အလှဆင် မျက်နှာကြက်ပြားများ ရောင်းချပေးနေ

ရန်ကုန် ဇူလိုင် ၂၁

မျက်နှာကြက်အလှဆင်ခြင်း၊ အခန်းနံရံကာခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်းများအတွက် အထူးသင့်လျော်သော မီးဒဏ်ခံ၊ ရေစိုခံ၊ အသံလုံစန်းယိုမီးခံပြားများကို ရောင်းချပေးလျက်ရှိသည်။

ကုမ္ပဏီမှ ဝန်ဆောင်မှုအနေဖြင့် လိုက်လံပို့ဆောင်ပေးခြင်း၊ တပ်ဆင်ပေးခြင်းနှင့် တွဲဖက်သိုလှောင်ပစ္စည်းများ ရောင်းချပေးခြင်းများလည်း ပြုလုပ်ပေးနေရာ စိတ်ပါဝင်စားသူများသည် Three Friends Co,Ltd အမှတ်44 A(1) မဟာဗန္ဓုလလမ်း ကျိုက်တော်အိမ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၁၂၁နှင့် ၂၉၄၈၆၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေး ပို့ချမှု အစီအစဉ် (က) ပထမနှစ်(ဝါဏိဇ္ဇဗေဒ) (ခ) ပထမနှစ်(အရှေ့တိုင်းပညာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင်(အပိုင်း-၁၉)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း(ပဉ္စမဆယ်စုနှစ်) အပိုင်း(၂)
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၇)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ အထူးဇုန်များအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် နှတ်ခမ်းမွေးသိုက်ကျေးရွာ အနီး၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ငမိုးရိပ်ရေလှောင်တမံ ပင်မရေမြောင်းမကြီးတစ်လျှောက် နုန်းဆယ်ခြင်းနှင့် ပေါင်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နှုတ်ခမ်းမွေးသိုက်ကျေးရွာ အဝင်လမ်း ကောင်းမွန်စေရေး တာဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(၃) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ အထူးဇုန်(၁) တာဝန်ခံ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂) တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃) တာဝန်ခံ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးနိုင်ဝင်းတို့က အထူးဇုန်များအလိုက် မိုးရာသီကာလအတွင်း မြေပြုပြင်ပြီးစီးမှု၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှု၊ အသားစားကြက်၊ ဥစားကြက်နှင့် ငါးများမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။(ရန်ကုန်တိုင်း)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်များအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအခြေအနေများ၊ အထူးဇုန်များအတွင်းရှိ ဂဝံလမ်းများ ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းအင်ဂျင်နီယာ ဦးစောမူဒေးလူက အထူးဇုန်(၃)အတွင်း တယ်လီဖုန်း တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ကလီထော် ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်ရေး ပင်မရေမြောင်းမကြီး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို တင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အထူးဇုန်(၃)ရှိ ရှုရပ်မျှော်စင်ပေါ်မှ အထူးဇုန်အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အထူးဇုန်(၃)၌ ဦးသန်းနိုင်ဦး၏ စိုက်ခင်းအတွင်း သခွားစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လည်းကောင်း၊ ဒေါ်တင်ကြည်၏ ကြက်မွေးမြူရေးခြံ၌ ဥစားကြက်များ မွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

သာကေတမူလမင်းကွန်းဓမ္မရိပ်သာ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်ပတ်လမ်း မူလမင်းကွန်းဓမ္မရိပ်သာ၌ ဝါတွင်းတရားစခန်းကို ဩဂုတ် ၁၅ရက်မှ ၂၄ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်သည်။ တရားစခန်းဝင်မည့် ယောဂီများသည် ဩဂုတ် ၁၄ရက် (ကြာသပတေးနေ့)ညနေတွင် မူလမင်းကွန်းဓမ္မရိပ်သာသို့ လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက အကောက်ခွန်ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းက ပညာသင်စရိတ် ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပညာရည်အဆင့် အသီးသီးတွင် တက်ရောက်ပညာ ဆည်းပူးနေကြသည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၅၃ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား မိဘတစ်ဦးက လက်ခံသည်။**(အောက်ပုံ)**(ကြေးမုံ)

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇူလိုင် ၂၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီဝင် ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီဝင်များက ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ရုပ်သိမ်း

ယင်းနောက် ဆပ်ကော်မတီဝင်များ၏ ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြောက်တိုင်းလည်း မမြောက်နဲ့

အာဟာရတိုက်ကျွေး

တွံတေးအထက ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး အထောက်အကူပြု အလှူရှင် ဦးမြင့်ဝင်း-ဒေါ်ဥမ္မာအေး (မိုးကြယ်မီသားစု မုန့်ဟင်းခါးလုပ်ငန်း)က ကျောင်းသား၊ ကျောင်းသူများအား ဇူလိုင် ၁၈ရက်က နို့သာကူတိုက်ကျွေးလှူဒါန်းစဉ်။

(က-ပ)

ပြည်ထောင်စုတစ်ဝန်း တည်ဆောက်မြှင့်တင် ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပြွန်တန်ဆာမြို့နယ် ရဲနွယ်တံတား

ပဲခူးတိုင်း ပြွန်တန်ဆာမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးအင်ဂျင်နီယာများဦးစီးကာ အောင်မြင်စွာတည်ဆောက်ခဲ့သည့် ရဲနွယ်ချောင်းတံတားကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရစဉ်။ (ဝဲပုံ)

(တံတား၏ အလျားမှာ ပေ ၃၆၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ပေ ၅၀၊ လူသွားလမ်း တစ်ဖက်လျှင် ငါးပေစီနှင့် စုစုပေါင်း တံတားအကျယ် ပေ ၆၀ ရှိသည်။

ယာဉ်တစ်စီးချင်းစီ၏ ခံနိုင်မှုအားမှာ တန် ၆၀ ဖြစ်သည်။)

(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသား ခင်မောင်ဝင်း)

ဓာတ်ပုံမှတ်တမ်း

ရွှေအင်းသား ခင်မောင်ဝင်း
လှိုင်မိုး (ရွှေအင်းသား)
ရေချမ်းမြင့်

နမ့်စန်-ပွန်ချောင်း ရထားလမ်း

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် မောက်မယ်မြို့နယ် နမ့်စန်-ပွန်ချောင်းအပိုင်း ရထားလမ်း ဖောက်လုပ်ရေး သံလမ်းခင်းခြင်းလုပ်ငန်းတွင် အချိန်မီပြီးစီးရေးအတွက် တပ်မတော်သားများက ပါဝင်ဆောင်ရွက်ခဲ့ကြစဉ်။ (ယင်းရထားလမ်းကို နမ့်စန်-နမ့်မဟိတ်-ကောင်စိုင်း-မိုင်းစိတ် လမ်းကြောင်းအတိုင်း ဖောက်လုပ်ခြင်းဖြစ်ပြီး နမ့်စန်မှ ပွန်ချောင်းအထိ ၅၅ မိုင်၊ ပွန်ချောင်းမှ ဆိုက်ခေါင်အထိ ၄၈ မိုင်စုစုပေါင်း ၁၀၃ မိုင် ဖြစ်သည်။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ရွာထောင်စက်ရုံမှ တွဲဆိုင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)က ထုတ်လုပ်ပြီး ခရီးသည်ထိုင်လျက် ၁၃၀ နှင့် မတ်တတ်ရပ်လျက် ၃၀၀ စုစုပေါင်း ၄၃၀ ဦး လိုက်ပါစီးနင်းနိုင်သည့် DMU 302 တွဲဆိုင်းကို တွေ့ရစဉ်။ (အပေါ်ပုံ)

(အဆိုပါတွဲဆိုင်းသည် ယခုအခါ ရန်ကုန်-ရွာသာကြီး ခရီးစဉ်တွင် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ကွန်ချောင်း ရေလှောင်တမံ အမှတ်(၂)

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ကွန်ချောင်း ရေလှောင်တမံ(၂)သည် လယ်မြေဧက နှစ်သောင်းကို ရေများဖြန့်ဖြူးနိုင်ရန်အတွက် ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသည်။ (ယာပုံ)

ကွန်ချောင်း ရေလှောင်တမံ(၂)သည် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေတစ်သိန်းကို သိုလှောင်နိုင်မည်ဖြစ်၍ ဇုန်အမျိုးအစားတမံဖြင့် အမြင့်ပေ ၁၄၀ နှင့် အလျားပေ ၁၅၀၀၀ ရှိသော တမံကို တည်ဆောက်လျက်ရှိသည်။

ယင်းတမံကို ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေး သုံးမိုင်ခန့်ဝေးသော အလုံမြောက်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-လှိုင်မိုး-ရွှေအင်းသား)

စွမ်းအင်ဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

စွမ်းအင်ဝန်ကြီးဌာန၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ စွမ်းအင်ဓမ္မာရုံ၌ ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဧည့်သည်တော်များနှင့် ဇနီးများ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် ဇနီး ဒေါ်ခင်မာအေး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်ထံ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဇနီး ဒေါ်ခင်မာအေးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (စွမ်းအင်)

စေတနာသမ္မာရဝတ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

ကြည့်မြင်တိုင် နယ်လုံးဆိုင်ရာ စေတနာသမ္မာရ ဝတ်အသင်းကြီးမှ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၅ ခုနှစ် ဝါခေါင်လဆန်း ၆ရက် (ဩဂုတ် ၃ရက်) တနင်္ဂနွေနေ့ ညနေပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဘောဂလမ်း အမှတ်(၅၄)ရှိ အသင်းဓမ္မာရုံကြီး၌ ကြည့်မြင်တိုင်မြို့နယ် သာဓုကျောင်းတိုက် တိုက်အုပ်ကျောင်း၊ စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် အောင်မင်္ဂလာကျားကျောင်းနှင့် အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော် အရှင်မြတ်များအား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။ (က-ပ)

ကျေးလက်အိမ်ရာစီမံကိန်း စတင်အကောင်အထည်ဖော်နေ အကုန်အကျနည်းရေး၊ အရည်အသွေးကောင်းရေး ဦးစားပေး

ရန်ကုန် ဇူလိုင် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၉ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေး ဦးစီးဌာနနှင့် ပြည်နယ်၊တိုင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကား ပြောကြားရာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များကလည်း အောက်ခြေထိ ကွင်းဆင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ပြည်နယ်၊တိုင်းများအတွင်း ကျေးလက်ဒေသများတွင် ဆောက်လုပ်ရန် လျာထားသည့် အိမ်

စီမံကိန်းလုပ်ငန်းစဉ် ငါးရပ်အနက် ကျေးလက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် စည်ပင်သာယာရေး အဖွဲ့များက အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုအဆင့် မြင့်မားရေးအတွက် ကျေးလက်အိမ်ရာ စီမံကိန်းကို စတင်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စနစ်တကျ စီမံကိန်းရေးဆွဲပြီး ငွေကြေးအကုန်အကျ နည်းရေး၊ အရည်အသွေးကောင်းမွန်ရေးကို ဦးစားပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအပေါ် စေတနာထားပြီး စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ ထို့ပြင် ကျေးလက်ပြည်သူများ စီးပွားရေး တိုးတက်ရေးအတွက် ဒေသကြက်နှင့် ဝက် မွေးမြူရေးလုပ်ငန်းများကို မွေးမြူ အရေးအတွက်၊ ဆောက်လုပ်ပြီး အိမ်အရေအတွက်၊ ဆောက်လုပ်ဆဲ အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြငြိမ်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်တို့က ကျေးလက်များသို့ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊တိုင်း ညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်၊ တိုင်းအတွင်းရှိ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်ဆဲ အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရိုးမအနောက် ခရိုင်ချင်း ဆက်လမ်းကိစ္စများ၊ ကျေးလက်မွေးမြူရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီစိုးသိမ်းနှင့် ကျောင်းသား၊ ကျောင်းသူများ ဝါဆိုသင်္ကန်း ကပ်လှူကြစဉ်။ (က-ပ)

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများ ဝယ်ယူနိုင်

ရန်ကုန် ဇူလိုင် ၂၁

သာသနာရေးဝန်ကြီးဌာနက ကြီးမှူး၍ ပြည်နယ်၊တိုင်း စာဖြေဌာနအလိုက် ကျင်းပသော ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများဖြစ်သည့် ပါရာဇိကကဏ္ဍပါဠိ၊ သီလက္ခန္ဓဝဂ္ဂပါဠိ၊ ဓမ္မသင်္ဂဏီပါဠိ၊ ဒွေမာတိကာပါဠိ၊ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်၊ ကခါဝိတရဏီအဋ္ဌကထာ၊ ပဒရူပသိဒ္ဓိနှင့် ဇာတကအဋ္ဌကထာ (ငယ်၊လတ်၊ကြီး ပြဋ္ဌာန်းကျမ်းစာသစ်) တို့ကို သာသနာရေးဦးစီးဌာနစာအုပ်ဆိုင် ဖုန်း-၆၆၀၈၄၃ သို့ ဆက်သွယ် ဝယ်ယူနိုင်သည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းတိုက်ကြီး၏ ထာဝရပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမအဖြစ် ဇူလိုင် ၂၀ရက်က အလှူရှင် ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးအောင်သောင်း-ဒေါ်မြင့်မြင့်စိန် မိသားစုက အလှူတော်ငွေကျပ် ငါးသိန်း လှူဒါန်းရာ နာယကဆရာကြီး ဒေါ်သုခဝတီက အနုမောဒနာဂုဏ်ပြုလွှာ ချီးမြှင့်စဉ်။ (၅၀၆)

ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနေရောင်ခြည် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှထုတ်ဝေ၍ အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ်တည်းဖြတ်သော ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)ကို ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်၌ စာဖတ်သူများ ဗဟုသုတဖြစ်ဖွယ်ရာများနှင့်တကွယနေ့ ကားပေါက်ဈေး၊ ကားအကြောင်း အပါအဝင် အောင်မြင်မှု၏ ပထမခြေလှမ်း ဓာတ်ပုံများ၊ ရန်ကုန်မြို့ပေါ်တွင် ယာဉ်စည်းကမ်းများ တင်းကြပ်ရခြင်း အကြောင်း၊ ကားတစ်စီးမှာ လူကိုးယောက်ဖြစ်နေလျှင်၊ ဖို့ဒ်ကားများနှင့်ဟင်နရီဖို့ဒ်၊ မြန်မာနိုင်ငံပြီသီချင်းနှင့် ကားဆရာကိုဘသောင်း၊ ဒီခေတ်မှာ စီဒီအကြောင်း၊ ကားရောင်း ကားဝယ်များအတွက် ဝေဒဟောကိန်း၊ မြန်မာပြည်တွင် ဈေးကွက်စီးပွားရေးသတင်းများနှင့် ပြည်တွင်း၊ ပြည်ပမှ နောက်ဆုံးရရှိသော သတင်းများပါဝင်ပြီး အမှတ်(၂၇၂၈) သီရိမွန်လမ်း သီရိမွန်ပလာဇာ မရမ်းကုန်းမြို့နယ်ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်းသိရသည်။(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၁

ဦးဝင်းသိန်း (TKT Co.,Ltd.) သည် သန်လျင်ဂေါက်ကလပ်၌ ဇူလိုင် ၁၉ရက် နံနက် ၁၀နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)သို့ ၁၃၅ကိုက်အကွာမှ Callaway No. (3) ဘောလုံးအား Ping ISI-k No (7)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဦးဝင်းကြည်၊ ဦးဝင်းထူး၊ ဦးရင်သွေးထွန်းတို့နှင့်အတူ ကစားခဲ့သည်။ (က-ပ)

ခြောက်တိုင်းလည်း မကြောက်နဲ့

ချော့တိုင်းလည်း မပျော့နဲ့

ထူးခြား အနီရောင်မိုးဟိမ်

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ အထွေထွေမန်နေဂျာ (Marketing)	ကျား/မ (၁)ဦး
၂။ အထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး၊ လူမှုဆက်ဆံရေး)	ကျား/မ (၁)ဦး
၃။ အထွေထွေမန်နေဂျာ (ဟိုတယ်နှင့်ခရီးသွားလာရေး)	ကျား/မ (၁)ဦး
၄။ Front Office & House Keeping Manager	ကျား/မ (၁)ဦး
၅။ Finance Manager	ကျား/မ (၁)ဦး
၆။ Store Keeper	ကျား/မ (၁)ဦး

အမှတ်စဉ်(၁) ရာထူးအတွက် ဘွဲ့ရ၊ MBA ဘွဲ့ရသူ၊ ဈေးကွက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးရွေးချယ်မည်။အမှတ်စဉ်(၂)ရာထူးအတွက် ဘွဲ့ရ၊ လုပ်ငန်းများကိုကျွမ်းကျင်ပိုင်နိုင်စွာ စီမံခန့်ခွဲနိုင်ပြီးဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။အမှတ်စဉ်(၃)နှင့် (၄)ရာထူးတို့အတွက် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ်(၅)ရာထူးအတွက် B.Com (C.P.A), B.Com. B.Econ. LCCI Level II, III အောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ်(၆)ရာထူးအတွက် ဘွဲ့ရ၊ စတိုလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်ရမည်။

ရာထူး(၁)(၂)(၃)အတွက် အသက်(၄၀)နှစ်မှ (၅၀)အတွင်းရှိသူဖြစ်ရမည်။ ရာထူး(၄)(၅)(၆)အတွက် အသက်(၃၅)မှ (၄၀)အတွင်းရှိသူများဖြစ်ရမည်။ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ရုပ်ရှင်ရုံလုပ်ငန်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

A.H.K Product Co.,Ltd.အမှတ်(၂၀၄)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၃၄။ Aye Yar Hotel (Yangon) အမှတ်(၁၇၀/၁၇၆)၊ ဗိုလ်အောင်ကျော်လမ်း၊ဖုန်း-၂၅၆၃၃၉။A.H.K Product Co.,Ltd.အမှတ်(ကက-၁/၂)သိပ္ပံလမ်းနှင့်(၅၉)လမ်းထောင့်၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၈၀၇၈၆။ မစိုးရိမ်ရုပ်ရှင်ရုံ၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၀၂၉၅။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) အတွင်းရေးမှူး — ကျား (၁) ဦး မ (၁) ဦး
ကျားသည် အသက်(၃၀)နှစ်အောက်၊ မသည် အသက် (၂၅)နှစ်အောက်၊ ... (စာမေးပွဲ ဖြေဆိုရမည်။)

(၂) စာရင်းကိုင် (B.Com, D.A, L.C.C.I. III) ကျွန်းမြေ ... ကျား (၂) ဦး
(နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

(၃) စက်ယန္တရားလုပ်ငန်းကို ကောင်းစွာစီမံအုပ်ချုပ်နိုင်သူ — ကျား (၁) ဦး
လုပ်သက်အတွေ့အကြုံ အနည်းဆုံး(၅)နှစ်အထက်ရှိရမည်။
(အသက် ၄၅ ထက်မကြီးရ) (နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

(၄) ဝက်ဟိုး (Excavator) မြေတူးစက်တစ်မျိုးမျိုးကို — ကျား (၁၀) ဦး
ကျွမ်းကျင်ပိုင်နိုင်စွာ ပြင်ဆင်၊ တပ်ဆင်နိုင်သူ (ဝက်ဟိုးစက်ပြင်)
(နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

(၅) ဝက်ဟိုး (Excavator) မြေတူးစက်ကိုကျွမ်းကျင်စွာမောင်းနိုင်သူ — ကျား (၁၀) ဦး
(နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

(၆) ကျောက်ဖောက်စက် ယမ်းဖောက်စက် (Furukawa) — ကျား (၃) ဦး
ကျွမ်းကျင်စွာမောင်းနိုင်သူ (နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)
အသက်(၄၀)နှစ်အောက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

(၇) ရုံးအကူ အသက် (၂၅)နှစ်အောက် — ကျား (၂) ဦး
ပညာအရည်အချင်း(၁၀) တန်းအောင်၊ ...

(၈) ယာဉ်မောင်း အသက် (၄၀)နှစ်အောက် — ကျား (၁) ဦး

လျှောက်ထားသူသည် ... ဓာတ်ပုံ (၃)ပုံ ... ကိုယ်ရေးရာဇဝင် ... လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက် — ... လျှောက်လွှာများကို ပယ်မည်ဖြစ်သည်။

အမှတ်(၁၈/E) သာယာဝတီလမ်း ... ရန်ကုန်မြို့။ ဖုန်း-545078

- ကျိုက်ထီးရိုးဘုရား ...
- ...

- ...

ရတနာနဂါးစည်အာရာမစာတော် (လှိုင်သာယာ)၏
မော်လမြိုင်ကျွန်း အေးချမ်းသာယာ ပြည်မြန်မာ
နှင့် အခြားဆောင်းပါးများ

အင်္ဂလိပ်စာ – အင်္ဂလိပ်စကား သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အမှတ်(၆၆)၊ ရွှေတိဂုံဘုရားလမ်း၊ ASIA Language & Business Academy English Regular Classes for Children များကို American & British Syllabus ဆရာ၊ ဆရာမများဖြင့်သာ ငါးနှစ်အရွယ်ကလေးများမှစ၍ စနစ်တကျ သင်ကြားပေးလျက်ရှိသည်။ တန်းခွဲသစ်များကို ဩဂုတ်လ ပထမပတ်တွင် ထပ်မံဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် ဖုန်း- ၇၂၀၉၆၆ နှင့် ၀၉၈၀၀၂၇၇၀ သို့ဖြစ်စေ၊ အထက်ပါ လိပ်စာသို့လာရောက်၍ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

❍ ဂါထာမန္တန် ကိုယ်တွေ့များ ❍ ထူးခြားဆန်းပြားသည့် ဖြစ်ရပ်မှန်များ ❍ စီးပွားတက်နှင့် အခက်အခဲ ပြေပျောက်စေသည့် အစီအရင်များ ❍ ကျန်းမာရေးပြဿနာ အဖြေလွှာများ ❍ အဂ္ဂိရတ်ပညာ ❍ ရှောင်ရန်၊ ဆောင်ရန် ကျင့်စဉ်များ ❍ ထီးကံပွင့် အစီအရင်များ ❍ ထူးခြားသော ပုဂ္ဂိုလ်များ၏ ကိုယ်တွေ့ကျင့်စဉ်များ အပါအဝင် . . .

နက္ခတ္တရောင်ခြည်

ထွက်ပြီ မဂ္ဂဇင်း ဩဂုတ်လ

❍ အကြောင်းအရာ ကဏ္ဍစုံလင်စွာဖြင့် . . .

ပါရမီ

မဂ္ဂဇင်း

ထွက်ပြီ ဩဂုတ်လ

ဝါဝါဝင်းမှ တိုက်ခန်းများ ရောင်းချရန်

V-Pile Foundation ၊ (၁၁)ပေကျော်မျက်နှာကျက် ... (Export Quality) ၊ တယ်လီဖုန်း (PABX) ၊ Kitchen Cabinet & Counter ၊ 2' စလောင်းစနစ် ၊ ကိုယ်ပိုင်မီးစက်၊ ကိုယ်ပိုင်မီတာ၊ ရေ (Central) စနစ်၊ ရေချိုး Indoor / Without Carparking ၊ အခန်းတိုင်း ... (၁)ခန်း၊ (၁)သိန်း ထည့်ဝင်၍ ကျန်သုံးစွဲပေးမည်။

ငွေပေးချေမှုအားလုံးကိုညှိနိုင်းဆောင်ရွက်ပေးပါသည်

ပါရမီအိမ်ရာစီမံကိန်း ⇨ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)ရှိ (၈) ခန်းတွဲ (၇) ထပ်တိုက်
၁၃၅၀ sqft - M.B (၁) ခန်း Bed (၂) ခန်း
၈၀၀ sqft - M.B (၁) ခန်း Bed (၁) ခန်း

တော်ဝင်သီရိရိပ်သာ ⇨ (ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်)ရှိ (၄)ခန်းတွဲ (၁၂)ထပ်တိုက်
၁၇၀၀ sqft - M.B (၁) ခန်း Bed (၂) ခန်း
(ရေထူးကန်) ဝါဝင်သည်။

ဝါဝါဝင်း
အမှတ် (၁၀၇/၁၀၉) အနော်ရထာလမ်းနှင့် ...
Ph:250650, 09-500-7499 , Fax : 250753
E.mail : W.W.W @ mptmail.net.mm

စတင်ရောင်းချချိန်မှ ယခုအချိန်ထိ ဝယ်ယူအားပေးခဲ့ကြသူများအား ထူးခြားစွာ အထူးကျေးဇူးတင်ရှိပါကြောင်း ...

“ကံကောင်းခြင်းလက်ဆောင်” ဆက်လက်ပြသ “မကြားရမမြင်ရသော သံယောဇဉ်” တစ်ကျော့ပြန်ရုံတင်

ရန်ကုန် ဇူလိုင် ၂၁

ပြီးခဲ့သော သောကြာပတ်တွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့၏ **ကံကောင်းခြင်းလက်ဆောင်** ဇာတ်ကားသစ် ဒုတိယပတ်အဖြစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသလျက်ရှိသည်။

သရုပ်ဖော်ထား

ကံကောင်းခြင်း လက်ဆောင် ဇာတ်ကားမှာ ကံတရားနှင့် မေတ္တာတရားတို့၏ အကျိုးအာနိသင်ကို သရုပ်ဖော်ထား၍ လွင်မိုး၊ ထက်ထက်မိုးဦး၊ ထွန်းထွန်းနိုင်၊ မေသန်းနုနှင့် ခန့်စည်သူတို့ သရုပ်ဆောင် ပါဝင်ကြသည်။

ပြိုင်ဘက်မရှိ

ဆက်လက်၍ ဒွေး၊ ထွန်းအိန္ဒြာဗိုတို့ပါဝင်သော **ပြိုင်ဘက်မရှိ** ဇာတ်ကား ရွှေ့ဆောင်ရုံတွင် တင်ဆက်ဆဲရှိသည်။

အိန္ဒိယ ဇာတ်ကားသစ်ဖြစ်သော Yaadein အမည်ရှိ မေတ္တာဘွဲ့ ဇာတ်ကား နေပြည်တော်ရုံ၌ ပြသနေသည်။ ရှာသစ်ရော်ဆင်နှင့် ကရီနာကပူး ပူးတွဲပါဝင်ကြသည်။

ပြသဆဲရှိသော ဝေဠုကျော်နှင့် နန္ဒာလှိုင်တို့ပါဝင်သည့် **ကျားမြီးဆွဲကိုကိုနှင့် မျောက်မူးလဲမမ** ဇာတ်ကားမှာ ဝဇီရာ၊ စံပြနှင့် နဝဒေးရုံကြီးများ၌ အောင်ပွဲခံဆဲရှိသည်။

ထို့ပြင် ဆုထူးပန်ရုံ၌ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်တို့ပါဝင်သော **မကြားရမမြင်ရသော သံယောဇဉ်** ဇာတ်ကားမှာ တစ်ကျော့ပြန်ရုံတင် ပြသနေသည်။

ရွှေဂုန်ရုံတွင် The Chase အမည်ရှိ နိုင်ငံခြား အက်ရှင်ဇာတ်ကားသစ် ရုံတင်ပြသသည်။

မြို့မရုံတွင် Awara Paagal Dee Wna အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ပြသနေသည်။

အိန္ဒိယကားသစ်

အိန္ဒိယ ဇာတ်ကားသစ်ဖြစ်သော Mujhse Dosti Karoge အမည်ရှိ မေတ္တာဘွဲ့ဇာတ်ကားမှာ ဘုရင်ရုံတွင် ပြသနေသည်။

ရှာသစ်ရော်ဆန်နှင့် ကရီနာကပူးတို့ သရုပ်ဆောင်ထားကြသည်။

(ကြေးမုံ)

တစ်ကျော့ပြန် ရုံတင်လာသော “မကြားရ မမြင်ရသော သံယောဇဉ်”ဇာတ်ကားမှ လွင်မိုး၊ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်။

ရုပ်ရှင်

ကံကောင်းခြင်းလက်ဆောင်

ကံကောင်းခြင်း “လက်ဆောင်ဇာတ်ကား”မှလွင်မိုးနှင့်ထက်ထက်မိုးဦး။



နေပြည်တော်ရုံ၌ ပြသနေသည့် အိန္ဒိယ ဇာတ်ကားသစ်မှ Yaadein မေတ္တာဘွဲ့ဇာတ်ကားမှ ပြကွက်တစ်ခု။

ရပ်ကွက်အတွင်းမှ ပဲကြော်ဖို ဖယ်ရှားပြီး

စာတည်းမှူးခင်ဗျား–

၂၄–၆–၂၀၀၃ နေ့ ကြေးမုံသတင်းစာပါ ဒဂုံဦးမြို့ အမှတ်(၃)နယ်မြေ ငှက်ပစ်တောင်တိုးချဲ့ ရပ်ကွက်အတွင်းရှိ ပဲကြော်ဖိုများကို ဖယ်ရှားရွှေ့ပြောင်းပြီးဖြစ်ပါကြောင်း ဖော်ပြပါသည်။ **မြို့နယ်စည်ပင်။**

ကက်ဆက်သံ နားမခံသာ ရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၁၂–၆–၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာပါ သာကေတမြို့နယ် ၁၀/တောင်(၁၂)ရပ်ကွက် ဇေယျဝတီ(၅)လမ်းထိပ်နှင့် ဇေယျဝတီလမ်းမကြီးပေါ်ရှိ ဇေယျဝတီလမ်းမှ ကက်ဆက်သံ နားမခံသာ ခေါင်းစဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပြီးကြောင်း ဖော်ပြပါသည်။

ရန်ကုန်မြို့တော်စည်ပင်။

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းမှူးခင်ဗျား–

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၆) ရပ်ကွက်တွင် မိုးကျလာလျှင်ရပ်ကွက်အတွင်း ရေများကျဆင်းခြင်းမရှိဘဲ ရေများ လျှံတက်နေပါသည်။ အထူးသဖြင့် ကြိုးတံတား သွပ်ရုံဈေးတန်းတစ်လျှောက်အောက်တွင် အမှိုက်များနှင့် ပိတ်ဆို့နေပါသည်။ ယခင်က သွပ်ရုံ ဈေးတန်းအောက် ရေမြောင်းများ ရှိသော်လည်း ယခုအခါတွင် ဈေးရုံမှ ကတ္တရာလမ်းအထိ သစ်သားများခင်း၍ ဈေးရောင်းချနေကြသဖြင့် ရေမြောင်းမရှိတော့ပါ။ ငမိုးရိပ်ချောင်းထဲသို့ထွက်သည့် ရေတံခါးမှာလည်း ပျက်နေပါသည်။ သို့ပါ၍ ရေစီးရေလာ ကောင်းမွန်ရေး စီစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြပါသည်။ **ရပ်ကွက်သားများ။**

အပုပ်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းမှူးခင်ဗျား–

အောင်ဆန်းကွင်းမြောက်ဘက်တန်းရှိ စူပါမားကက်ကြီးတစ်ခု၏ အအေးခန်းမှ အသားငါးအပုပ်နံ့သည် ပတ်ဝန်းကျင်ကို မခံမရပ်နိုင်အောင် အနံ့ဆိုးများထွက်လျက်ရှိနေပါသည်။ ထို့အတူ စားသောက်ဆိုင်ကြီး တစ်ခု၏ ရေဆိုးပိုက် စနစ်တကျ မရှိပါသဖြင့် မိလ္လာအနံ့ဆိုးများသည် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်နေပါသည်။

သို့ပါ၍ သင့်တော်သလို စီစဉ်ပေးပါရန်တင်ပြပါသည်။**အနံ့ဆိုးမခံနိုင်သူ။**

ပြည်သူ့ထံမှ ပေးစာ

ရေလွှမ်းခံရခြင်းမှ ကာကွယ်ပေးပါ

စာတည်းမှူးရှင့်–

သာကေတမြို့နယ် (၈)ရပ်ကွက် အနောက်ခြမ်း နဝရတ်(၃)လမ်း၏ အနောက်ဘက်တွင် ဒီရေအတက်အကျကို ကာကွယ်နိုင်ရန်အတွက် ရေတားတာများသည် သာကေတမြို့ စတည်သည်မှရှိခဲ့ရာ ယခုအခါတွင် ၎င်းရေတားတာများ မရှိတော့သဖြင့် လပြည့်၊ လကွယ်ဒီရေတက်သောအခါ နဝရတ်(၃)လမ်း အနောက်ခြမ်းရှိ လမ်းများ၊ နိမ့်သောလူနေအိမ်များမှာ ရေမြုပ်ခံခဲ့ရပါသည်။ ဒီရေအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာမှ အချိန်မီ ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။ **ရေလွှမ်းခြင်းခံရသူ။**

ဗိုင်းဂနိုင်းလမ်းကြားမြေ အိမ်တွေဆောက်

စာတည်းမှူးခင်ဗျား–

ပဲခူးမြို့ ဗိုင်းဂနိုင်း မြောက်ပိုင်း နောက်ဖေး လမ်းကြား တိုင်းတွင် ခြံကာအိမ်ဆောက်နေကြပါသည်။

ယခုအခါ ဗိုင်းဂနိုင်း မြောက်ပိုင်းတွင် လမ်းကြားမြေများ ပျောက်ဆုံးလျက် ရှိပါသည်။ သို့ပါ၍ သက်ဆိုင်ရာက သိရှိစိစစ် ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြပါသည်။

ဗိုင်းဂနိုင်းသား။

မော်တော်ယာဉ်လိုင်း တိုးချဲ့ပြေးဆွဲ ပေးစေလို

စာတည်းမှူးခင်ဗျား–

ရန်ကုန်အမှတ်(၃) လမ်းမကြီးပေါ်ရှိ ခရီးသည်များ သွားလာရေး ပိုမိုအဆင်ပြေစေရန်နှင့် ပုလဲမြို့သစ်တွင် နေထိုင်သူများ အခက်အခဲမရှိ သွားလာနိုင်ရန်အတွက် ယခုလက်ရှိ အမှတ် (၅၁) ပုလဲမြို့သစ် ကားတစ်စီးတည်းအားကိုးသွားလာနေရခြင်းမှ မြို့ပတ်ကားဖြစ်သော အမှတ်(၄၃) အဲယားကွန်းကားများကို အောင်မင်္ဂလာအဝေးပြေးဂိတ်ကျော်၍ ပုလဲမြို့သစ်သို့ ခရီးတိုးမြှင့်ပြေးဆွဲပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ပုလဲမြို့သစ်သား။

မိဂသီလမ်း ရေမြောင်းများ ပြုပြင်ပေးပါ

စာတည်းမှူးခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မိဂသီလမ်းမကြီးအတွင်းမှ အိမ်အချို့သည် ရေမြောင်းများကို ခွကျော်၍ ကွန်ကရစ်တံတားများ အခိုင်အမာ ပြုလုပ်ထားသဖြင့် အမှိုက်များ ပိတ်ဆို့နေပြီး ရေများလုံးဝ မစီးဆင်းတော့ဘဲ လမ်းပေါ်သို့ ရေလျှံခြင်း၊ အချို့အိမ်များအတွင်းသို့ ရေများဝင်ခြင်း ဖြစ်ပေါ်နေပါသည်။

သို့ပါ၍ ရေစီးရေလာကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် သက်ဆိုင်ရာက ကွင်းဆင်း စစ်ဆေးပြီး အရေးယူဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **မိဂသီလမ်းသားများ။**

အင်ဂျင်စက်သံ ဆူဆူညံ

စာတည်းမှူးခင်ဗျား–

ရွှေပြည်သာမြို့နယ် (၁၁) ရပ်ကွက် အောင်စစ်သည်လမ်းရှိ အိမ်တစ်အိမ်တွင် အင်ဂျင်စက်ကြီး မောင်းနှင်၍ တွင်ခုံလုပ်ငန်းများလုပ်ကိုင်နေပါသည်။ အင်ဂျင်စက်ကြီး၏ အသံကြောင့် ပတ်ဝန်းကျင်နေအိမ်များမှာ နားမခံသာဖြစ်နေပါသည်။ သက်ကြီးရွယ်အိုများမှာလည်း နားမခံသာ ကျန်းမာရေး ထိခိုက်နေရပါသည်။

သို့ပါ၍ သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ **နားမခံသာသူ။**

အရက်ပုန်းဆိုင်များ ဖယ်ရှားပေးပါ

စာတည်းမှူးရှင့်–

မြေနီကုန်း(တောင်)ရပ်ကွက် ဓမ္မာရုံလမ်းထိပ်ရှိ အရက်ပုန်းဆိုင်များမှနေ့စဉ် အရက်သမားများ၏ ရိုင်းပျစွာ အော်ဟစ်ဆဲဆိုခြင်းတို့ကြောင့် ရပ်ကွက်နေ မိန်းကလေးတို့မှာ မကြားဝံ့မမြင်သာ ဖြစ်ကြရသည်။ ထိုအရက်ပုန်းဆိုင်များမှ အမြည်းအလို့ငှာ ကြော်လှော်ချက်ပြုတ်မှုများကြောင့် ပတ်ဝန်းကျင် မီးဘေးနှင့်တကွ သက်ကြီးရွယ်အိုအများစုတို့မှာ ညှော်နံ့အမျိုးမျိုးတို့ကြောင့် ကျန်းမာရေး ထိခိုက်ကြရပါသည်။ သို့ပါ၍ ထိုအရက်ပုန်းဆိုင်များကို အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးပါရန် စာတည်းမှူးမှတစ်ဆင့်တင်ပြပါသည်။ **ရပ်ကွက်သူများ။**

ခရမ်းချောင်းတံတား ပြုပြင်ပေးပါ

စာတည်းမှူးခင်ဗျား–

သန်လျင်မြို့နယ်အပိုင်ခရမ်းချောင်းပေါ်ရှိ ပုဂံတောင်ရွာနှင့် သပြေကုန်းရွာဘက်သို့ကူးသော တံတားကြီးမှာ ယခုအခါ ပြိုကျလုနီးပါး ဖြစ်နေပါသည်။ လှေ၊ သမ္ဗန်၊ စက်လှေကြီးများ တံတားအောက်မှ ဖြတ်မသွားရဲကြပါ။

သို့ပါ၍ သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

သပြေကုန်းသား။

ပုတီးကုန်းမြို့တွင် ဝက်များ စည်းကမ်းမဲ့ မွေးမြူ

စာတည်းမှူးခင်ဗျား–

ပဲခူးတိုင်း ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ဇေယျာမြေ (၄)လမ်းတွင် ဝက်များကို စည်းကမ်းမဲ့စွာ မွေးမြူထားပါသည်။ အညစ်အကြေးများကြောင့် အနံ့ဆိုးရှားစွာ ခံစားနေရသည်။ ထို့ပြင် ဝက်များကိုလည်း ရုံဖန်ရံခါ သတ်ဖြတ်နေခြင်းကို စည်းကမ်းမဲ့စွာ ပြုလုပ်နေကြပါသည်။ ဝက်ချေးနံ့များကြောင့် ကျန်းမာရေး ထိခိုက်နေပါသည်။ သက်ဆိုင်ရာက ထိရောက်စွာ ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြပါသည်။

ပုတီးကုန်းသား။

ပြန်လည် ပြုပြင်တည်ဆောက်ခဲ့သည့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်ရှိ မကျီးတန်းတံတားကို ဇူလိုင် ၂ ရက်က ဖွင့်လှစ်ခဲ့ရာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာကြစဉ်။

(၁၁၁)

မကျီးတန်းတံတား ပြန်လည်ပြုပြင် တည်ဆောက် ဖွင့်လှစ်

မိတ္ထီလာ-ကျောက်ပန်းတောင်း သွားလာရေး အဆင်ပြေချောမွေ့

မိတ္ထီလာ ဇူလိုင် ၁၀

မိတ္ထီလာမြို့ အနောက်ဘက် ၁၇ မိုင်အကွာ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်ရှိ မကျီးတန်းတံတား အမှတ်(၄/၁၇)မှာ ၂၀၀၁ ခုနှစ်က မိုးရေတိုက်စားသဖြင့် ပြိုကျပျက်စီးသွားခဲ့ရာ လမ်းပန်းဆက်သွယ်ရေး အဆက်အသွယ်မပြတ်စေရန်အတွက် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့် ဦးဆောင်မှု၊ မိတ္ထီလာခရိုင်ဆောက်လုပ်ရေး ခရိုင်အင်ဂျင်နီယာမှူး ဦးသောင်းမြင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ယာယီဘေလီတံတား ဆောက်လုပ်ပေးခဲ့သည်။

ထို့နောက် မိတ္ထီလာမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ မကျီးတန်းတံတားကို (၁-၉-၂၀၀၂)နေ့က စတင်ပြုပြင်ခဲ့သည်။ တံတားမှာ အရှည် ၇၄ ပေရှိပြီး အကျယ် ၂၂ ပေမှ ၂၈ ပေထိ တိုးချဲ့ဆောက်လုပ်ခဲ့ရာ ယခုနှစ် ဇွန်လက ပြီးစီးသွားသဖြင့် တံတားဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ကွန်ကရစ်တံတားအမျိုးအစား မကျီးတန်းတံတား ပြုပြင်တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သွား၍ ဒေသခံပြည်သူများနှင့် ခရီးသွားများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(၁၁၁)

မန္တလေး မီးသတ်တပ်ဖွဲ့ဝင်များအား ဝန်ထမ်းကောင်း တံဆိပ်ချီးမြှင့်

မန္တလေး ဇူလိုင် ၁၅

မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်နှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး(နန်းရှေ့)ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးမှူး ရဲကျော်သူ၊ ရဲသူရ ဦးသန်းကျော်ကျော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးဦးစိုးသန်းအား နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကို ချီးမြှင့်ပေးအပ်သည်။

(ယာပုံ)

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချီးမြှင့်သော လုပ်သက် ၂၅ နှစ်အထက် မြို့နယ်စွမ်းဆောင်ရည်ဆုရ မီးသတ်တပ်ဖွဲ့ခြောက်ဦးအား ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တိုင်းမီးသတ်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းချီးမြှင့် ပေးအပ်သည်။ **(က-ပ)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ကွမ်းလုံ၌ ဆောင်ရွက်

ကွမ်းလုံ ဇူလိုင် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ပေါ်ရှိ ရပ်ကွက်ကြီး ခုနစ်ရပ်ကွက်တွင် ဇူလိုင် ၄ ရက် နံနက် ၈ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်ဆရာဝန်ကြီး ဦးတင်ဝင်းတို့ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၆၄)**

မြို့နယ်သတင်းများ

ပြည်ခရိုင်ဥက္ကဋ္ဌဖလား ခြောက်မြို့နယ် ဘိလိယက် အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ပြည်မြို့ ဆောက်လုပ်ရေးဝင်း ဘိလိယက် အားကစားကလပ် အသင်းခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက ဘိလိယက်ဘောလုံး ထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(၁၃၈)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ပဲခူးတိုင်း သမဝါယမအသင်းစုချုပ်တွင် ကျင်းပ

ပဲခူး ဇူလိုင် ၁၀

ပဲခူးတိုင်း ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ပဲခူးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးစိန်က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို တိုင်းအသင်းစုချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ဖတ်ကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၂၀၀၂-၂၀၀၃ ခုနှစ် သမဝါယမစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှုနှင့်လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆုရ မြို့နယ်များအား တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးစိန် **(ဝဲပုံ)**နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၁၃၂)**

လယ်ယာ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်

ရမည်းသင်း ဇူလိုင် ၁၆

ရမည်းသင်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ၂၀၀၃ ခုနှစ် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

—— လက်တွေ့ကောက်ယူ ——

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးစိုးဦးက လယ်ယာသန်းခေါင်စာရင်းကောက်ယူမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဒုတိယဦးစီးမှူးနှင့် လက်ထောက်ဦးစီးမှူး ဦးလှမြိုင်တို့က သင်တန်းပို့ချကြသည်။ ဇူလိုင် ၁၂ ရက် နံနက်တွင် သင်တန်းသားများသည် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာအုပ်စုသို့ လက်တွေ့ကွင်းဆင်းပြီး သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

(၁၁၅)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဖြူ ဇူလိုင် ၁၈

ကျောက်ဖြူခရိုင် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ လုပ်ငန်းခွင်လေ့ကျင့်မှု ဆင့်ပွားသင်တန်း အမှတ်(၁/၂၀၀၃) ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက ခရိုင်ပြန်/ဆက်ရုံးခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့် တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်/ဆက် ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်လှက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

မြို့သစ်စည်ပင် အရိပ်ရပင်စိုက်ပျိုး

မြို့သစ် ဇူလိုင် ၅

မကွေးတိုင်း မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးထွန်းစိုးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁ ရက် နံနက်က တောင်တွင်းကြီး-မြို့သစ်-နတ်မောက် (မဟာဗျူဟာရိုးမအနောက်) လမ်းမကြီးဘေး ဝဲ၊ ယာတို့တွင် အရိပ်ရပင် ၁၀၀၀ နှင့် ပန်းအလှပင် ၃၅၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စိစစ်ရေးကတ်ပြားပေးအပ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကော့ဘိန်းတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသော ကျောင်းသူ၊ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၄ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်အောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ်လဝက)

ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိတော်မူသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပအား မြရိပ်ညိုဟိုတယ်များ အုပ်စု၊ ကရဝိက်နန်းတော်နှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ မိသားစုများ စုပေါင်း၀ါဆို သင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၉ရက်နံနက်ပိုင်းက မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ဇေကမ္ဘာခန်းမတွင်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်နှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေဇနီးသီရိသုမ္မေဿဂီ ဒေါ်စန်းစန်းကြွယ် မိသားစုတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ၊ ရုံးဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရန် ဆရာမကြီးဒေါ်တင်လှိုင်ဦးစီး၍ ဆရာမများ စနစ်တကျသင်ကြားပေးမည့် အင်္ဂလိပ်စကားပြော သင်တန်းကို တန်းခွဲသစ်များ ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ လှည်းတန်းမီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် စုပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း-၅၁၁၂၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် (၁၄)ကြိမ်မြောက် စုပေါင်း၀ါဆိုသင်္ကန်း ကပ်လှူပွဲကို ဝါဆိုလပြည့်နေ့က ရပ်ကွက်မျှော်ရုံတွင် ပြုလုပ်ရာ ဒေဝသာဂရ သိမ်ကုန်းဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလ ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၃၂)



ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၆ ရက်တွင် ဗိုလ်တထောင်ဘုရားဝင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ပြုလုပ်ရာ ရန်ကုန်မြို့တွင် ကျောင်းထိုင်ဆရာတော်ကြီးများအဖြစ် သီတင်းသုံးလျက်ရှိသော ကျိုက်မရောမြို့နယ် ဇာတိဖွားဆရာတော်လေးပါးအား အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ဝါဆိုသင်္ကန်းဆက်ကပ်လှူစဉ်။ (မြို့နယ်ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီးရှိ ဝါဆိုသံဃာတော်များအား ရည်စူး၍ အလှူရှင် ဦးထွန်းဉာဏ်-ဒေါ်စောရီ(ထားဝယ်)တို့က ကျပ်နှစ်သိန်းကျော်တန် သင်္ကန်း၇၁စုံကို ပဓာန နာယကဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လေအေးပေးစက်နှင့်ရေခဲသေတ္တာသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

Today Engineering Service မှ ရေခဲသေတ္တာနှင့် လေအေးပေးစက် ကျွမ်းကျင်သင်တန်းများကို စာတွေ့လက်တွေ့ယှဉ်၍ ဝါရင့်ကျွမ်းကျင် ပညာရှင်များက လက်တွေ့ပြုပြင်နိုင်သည့် အဆင့်အထိ တစ်ဦးချင်းစီ စနစ်တကျ သင်ကြားပေးပြီး အပတ်စဉ်သင်တန်းကို ဇူလိုင် ၂၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ထို့ပြင် Air-con, Refrigerator, Freezer, Cold Store, Chiller, Ice Plant & Washing machine များအား ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် တပ်ဆင်ပြုပြင် ထိန်းသိမ်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်၍ အမှတ် ၅၈ (မြေညီထပ်)၊ ၇-လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း ၂၂၀၁၅၂နှင့် ၂၅၆၄၂၂တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး

မေချင်း (ဟားခါး)

မြန်မာနိုင်ငံတွင်ရေမြေတောတောင်ပထဝီအနေအထားအရ မြစ်ဝကျွန်းပေါ်ဒေသ၊ မြေလတ်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ ကုန်းမြင့်ဒေသ၊ တောင်တန်း ဒေသဟူ၍ ဒေသအမျိုးမျိုးရှိပါသည်။ ချင်းပြည်နယ်သည် ပေ ၄၀၀၀မှ ပေ ၁၀၂၀၀ကျော်ထိမြင့်သော တောင်တန်းများ ပြည့်နှက်နေသော တောင်တန်းဒေသတစ်ခုဖြစ်ပါသည်။

မြင့်မားသောတောင်တန်းများပေါ်တွင် ကွေ့ကောက်စွာဖောက်လုပ်ထားသော လမ်းများပေါ်၌ မေးတင်၍ တောင်ကမ်းပါးယံဘက်တွင် မြေအနေအထားကိုလိုက်ကာ အောက်ဖက်တွင် နှစ်ထပ်၊ သုံးထပ်ရှိသော အိမ်ကလေးများဆောက်လုပ်ထားသောပြည်နယ်မှာလည်းချင်းပြည်နယ်ပင်ဖြစ်ပါသည်။ အိမ်ခြေ ၃၀၀ခန့်ရှိရွာလေးတွင် ရေဘုံပိုင်နှင့် လျှပ်စစ်မီးနှင့် တယ်လီဖုန်းနှင့် ပြည့်စုံစွာရှိသော ရွာလေးများမှာလည်း ချင်းပြည်နယ်ရှိ စံပြကျေးရွာလေးများပင်ဖြစ်ပါသည်။ အိမ်ရှေ့နှင့်ပတ်ဝန်းကျင်ရှိ ပန်းခြံကလေးတွင် ဝေဆာစွာ ဖူးပွင့်နေသော နှင်းဆီ၊ ဂန္ဓမာ၊ ဒေလီယာ စသော ပန်းရောင်စုံကလေးများကို ခူးဆွတ်၍ မပန်ဆင် တတ်အောင် ရိုးသားလှသူလေးများမှာလည်း ချင်းပြည်နယ် သူလေးများပင်ဖြစ်ပါသည်။ ကိုယ့်ပတ်ဝန်းကျင်တွင် ရေသယံဇာတ၊ မြေသယံဇာတပြည့်စုံ လုံလောက်သော်လည်း အဓိကအစားအစာဖြစ်သည့် တောင်ယာစပါးနှင့် အစေ့ထုတ်ပြောင်းအား စီးပွားဖြစ်ရောင်းချရန် မစိုက်ဘဲ ကိုယ့်မိသားစုစားလောက်ရုံသာ စိုက်ပျိုးကြသောလောဘ ရမ္မက်နည်းသော လူမျိုးများမှာလည်း ချင်းလူမျိုးများပင်ဖြစ်ပါသည်။ မိသားစု တစ်ခုချင်းအလိုက် ဝင်ငွေနည်းပါးမှုကြောင့် ပြည်နယ်တစ်ခုလုံး၏ စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့မှာလည်းအလွန်နှေးကွေးနိမ့်ကျလျက်ရှိပါသည်။

ထိုကဲ့သို့ စီးပွားရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နောက်ကျနေးကွေးနေသော ချင်းပြည်နယ်အား နိုင်ငံတော်အကြီးအကဲက စီးပွားရေးမြင့်မား၍ ဖွံ့ဖြိုးတိုးတက်သော ပြည်နယ် ဖြစ်လာရေးအတွက် ပြည်နယ်၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော လက်ဖက်ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ချင်းပြည်နယ်သည် လက်ဖက် ပြည်နယ်ဖြစ်ရမည်ဟူသော လမ်းညွှန်မှုများ ပေးခဲ့ပါသည်။

လက်ဖက်သီးနှံမှာ ပေ ၅၀၀၀-၆၀၀၀ ကျော်လောက်တွင် စိုက်ပျိုးဖြစ်ထွန်း၍ လိုအပ်သော အပူချိန်မှာ ၁၆ ဒီဂရီမှ ၃၂ ဒီဂရီ စင်တီဂရိတ်၊ စိုထိုင်းဆ ၈၁ ရာခိုင်နှုန်း၊ မိုးရေချိန် တစ်နှစ် လက်မ ၆၀၊ မြေအင်နဓာတ် ၄ ဒသမ ၅-၅ဒသမ၅၊ မြေပြင်မတ်စောက်မှု ၁၀-၃၃ ရာခိုင်နှုန်းအတွင်းတွင် စိုက်ပျိုးရန် အကောင်းဆုံးဖြစ်၍ ၎င်းအချက်အလက်များနှင့် ကိုက်ညီသောချင်းပြည်နယ်မှာ လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရန် အသင့်လျော်ဆုံးဖြစ်ပါသည်။

ချင်းပြည်နယ်အနေနှင့် ယခင်က လက်ဖက်သီးနှံကို တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးကြပါသည်။ လေ့လာချက်များအရ ၁၉၂၀ပြည့်နှစ်တွင် တီးတိန်မြို့နယ် ထုတ်လိုင်အုပ်စု ဗုမ်ဗားကျေးရွာ၌ စတင်စိုက်ပျိုး၍ ၁၉၅၉ခုနှစ်တွင် တီးတိန်မြို့ပေါ် ဒေါ်လွင်အုပ်စုနှင့် မင်းတပ်မြို့နယ် စတ်ကောက်ကျေးရွာများတွင် တွင်ကျယ်စွာ စိုက်ပျိုးခဲ့ပါသည်။ ၁၉၉၇-၁၉၉၈ခုနှစ်တွင် ၂၆၇ ဧကသာ စိုက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ အစီအစဉ်အရ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ၁၉၉၈-၁၉၉၉ခုနှစ် တွင် မျိုးစေ့ ၂၉၁၃ တင်း၊ ၁၉၉၉-၂၀၀၀ပြည့်နှစ်တွင် ၄၅၈၆တင်း ဝယ်ယူပျိုးထောင်ဖြန့်ဖြူးစည်းရုံး၍လည်း စိုက်ပျိုးခဲ့ပါသည်။ ၎င်းနောက် ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ချင်းပြည်နယ်ခရီးစဉ်တွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဟု အသိအမှတ်ပြုလာသည်အထိ ကြိုးပမ်းကြရန်လမ်းညွှန်ချက်အရလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ လက်ဖက်မျိုးစေ့ဖိုးများ ကျခံလျက် ၂၀၀၀-၂၀၀၁ခုနှစ်တွင် မျိုးစေ့ ၉၂၂၅တင်း၊ ၂၀၀၁-၂၀၀၂ခုနှစ်တွင် တင်း၇၀၅၀ ဝယ်ယူဖြန့်ဖြူး ပျိုးထောင် စိုက်ပျိုးနိုင်ခဲ့ရာ ယနေ့အထိဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ဧက ၂၄၅၀ထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။ လာမည့် ၂၀၀၃-၂၀၀၄ခုနှစ် တွင် ၂၀၀၁-၂၀၀၂ခုနှစ် ပျိုးထောင်ခဲ့သော ပျိုးပင်ပေါင်း ၉၂သိန်းကိုအခြေခံ၍ ပြည်နယ်တစ်ခုလုံးတွင် ဧက ၈၃၀ တိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။ ၎င်းအပြင် ၂၀၀၂-၂၀၀၃ ခုနှစ်တွင်လည်း ရှမ်းပြည်နယ် မူဆယ်နှင့် ပင်လောင်း၊ ပင်းတယမြို့တို့မှ မျိုးစေ့တင်း ၈၀၀၀ ဝယ်ယူဖြန့်ဖြူးပျိုးထောင်ပြီး ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဧက ၂၀၀၀ အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပံ့ပိုးမှုများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကူညီပံ့ပိုး၍ အခြားလိုအပ်ချက်များကို ဒေသအာဏာပိုင် အဆင့်ဆင့်တို့က ကူညီပံ့ပိုးကာ အနီးကပ် ကြီးကြပ်လျက်ရှိပါသည်။

လက်ဖက်စိုက်ပျိုးရာတွင် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ပျိုးပင်တစ်ပင် သုံးကျပ်နှုန်းဖြင့် အပင်ပေါင်း ၇၀၀၀အတွက် ကျပ်၂၁၀၀၀လိုအပ်၍ စိုက်စရိတ်အနေနှင့် တစ်ပင်ကျပ် ၂၀နှုန်းနှင့် ကျပ် ၁၄၀၀၀၀ကုန်ကျ၍ စုစုပေါင်း ကျပ် ၁၆၀၀၀၀ကုန်ကျမည်ဖြစ်ပါသည်။ လက်ဖက်ပျိုးပင်ပျိုးသက် တစ်နှစ်နှင့်လေးလသားမှာ စိုက်ခင်းသို့ ရွှေ့နိုင်ပါသည်။ စိုက်ပျိုးပြီးအပင်များကို သုံးနှစ်သားထိ နှင်းခါးဒဏ်မှ ကာကွယ်ပေးရန်လည်း နှင်းကာလေးများ လုပ်ပေးရပါသည်။ အပင်တစ်ပင်ချင်းအပေါ်တွင် သက်ငယ်များအား ခမောက်လေးသဖွယ် ဖုံးကွယ်ထားပေးခြင်းဖြစ်ပါသည်။ သို့မှသာ နှင်းခါးရိုက်ဒဏ် ခံနိုင်မည်ဖြစ်ပါသည်။ သုံးနှစ်အကြာတွင် စတင်ခူးဆွယ်နိုင်ပြီ ဖြစ်ပါသည်။ ၁၅ ရက်တစ်ကြိမ် ခူးဆွတ်နိုင်၍ တစ်နှစ်တွင် (၁၅)ကြိမ်မှ(၁၆)ကြိမ် ခူးဆွတ်နိုင်ပါသည်။ လေးနှစ်မှ ခြောက်နှစ်သားပင် တစ်ဧကလျှင် လက်ဖက်စိမ်းပိဿာ ၁၅၀ မှ ၃၀၀ ထိ ထွက်ရှိနိုင်ပါသည်။ ခုနစ်နှစ်သားမှ ၁၀ နှစ်သားတွင် ရွက်စိမ်းပိဿာ ၅၀၀၊ ၆၀၀ ထိ ထွက်ရှိ၍ လက်ဖက်ခြောက် အနေနှင့် ပိဿာ ၁၀၀ မှ ၁၅၀ ထိ ထွက်ရှိနိုင်ပါသည်။ လက်ရှိမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရမ်ကလောင်ခြံတွင် စိုက်ပျိုးလျက်ရှိသော စနစ်သစ် စံပြလက်ဖက်စိုက်ခင်းများတွင် အထက်ဖော်ပြခဲ့သည့် တစ်ဧကအထွက်နှုန်းထက် များစွာကျော်လွန်၍ ထွက်ရှိနိုင်မည်ဟုသိရှိရပါသည်။ တွက်ချက်မှုများအရ လေးနှစ်သားမှ ခုနစ်သားအတွင်း အသားတင်ဝင်ငွေကျပ် ၂၀၀၀၀၀ ခန့် ရရှိနိုင်၍ စိုက်ပျိုးပြီး ခုနစ်နှစ်သားတွင် အရင်းကျေမည်ဖြစ်ပါသည်။ နှောင်နှစ်များတွင် နှစ်စဉ်ပိဿာ ၁၀၀ မှ ၁၅၀ ထွက်ရှိ၍ အနည်းဆုံးဝင်ငွေ ကျပ်၁၀၀၀၀၀ ခန့် ရရှိနိုင်မည်ဖြစ်ပါသည်။

တီးတိန်မြို့နယ်ဒေါ်လွန်ကျေးရွာအုပ်စုဝင် ဆောင်းဒေါ့ကျေးရွာနှင့် ဒေါ်လွန်ကျေးရွာတို့ရှိ ၁၉၄၅ခုနှစ်မှ စတင်စိုက်ခဲ့သော တောင်သူဦးကြီးများအား တွေ့ဆုံမေးမြန်းချက်အရ မိသားစုလုပ်အားနှင့် စိုက်ပျိုးပါက၁၀ ဧကစိုက်လျှင် တစ်နှစ်ဝင်ငွေ နှစ်သိန်းခန့်မှ ၇ဒသမ၅ သိန်းခန့်ထိ ရရှိကြကြောင်းနှင့်ထွက်ရှိသောလက်ဖက်အရည်အသွေးမှာလည်းကောင်းမွန်ကြောင်း သိရှိရပါသည်။

လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းသည် ခုရေတွင်းတူး ခုရေကြည်သောက်ရသော လုပ်ငန်းမဟုတ်ပါ။ ရေရှည်လုပ်ဆောင်ရသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဖြစ်ထွန်းအောင်မြင်ပါကလည်း နှစ်ပေါင်း ၁၀၀ခန့်ထိ ခူးဆွတ်နိုင်၍ သားစဉ်မြေးဆက် စားမကုန်သော သဘာဝစုဘူးကြီးဖြစ်ပါသဖြင့် စိတ်ရှည်ရန်လိုအပ်ပါသည်။

ရေမြေတောတောင်သဘာဝအရ သွားလာမှုခက်ခဲခြင်း၊ သဘာဝသယံဇာတများနည်းပါးခြင်း၊ ဘာသာစကားခက်ခဲမှုရှိခြင်း၊ ပြည်နယ်၊ တိုင်းများနှင့် ယှဉ်လျှင် ချင်းပြည်နယ်သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နောက်ကျနေပါသည်။ နိုင်ငံတော် အကြီးအကဲက မည်သို့ပင် စေတနာထားလမ်းညွှန်စေကာမူ၊ နိုင်ငံတော်အစိုးရကမည်ကဲ့သို့ ပံ့ပိုးပေးစေကာမူ၊ အာဏာပိုင်အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက မည်ကဲ့သို့ ကြီးကြပ်ကူညီစေကာမူ၊ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရေးအတွက် ဒေသခံတိုင်းရင်းသားများက လက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်းအပေါ် စိတ်ပါဝင်စား၍ ပူးပေါင်းဆောင်ရွက်မှသာလျှင် လက်ဖက်ပြည်နယ် ဖြစ်လာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်နယ်တစ်ခုလုံးရှိ ဒေသခံတိုင်းရင်းသားအားလုံး **ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန်** နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

(၂၅)နှစ်မြောက်ငွေရတုဆုမွန်လွှာ

ချစ်ဖေဖေ ဦးမောင်ရွှေ **M.V-WARKAB (SM.LINES CO.,LTD.)** နှင့် ချစ်မေမေ ဒေါ်တင်မာချိုတို့၏ ၂၂-၇-၂၀၀၃ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သား၊ သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ---။

သားကြီး-မောင်စိုးမိုးနောင် M.V-HOEIMARO (SM.LINES CO.,LTD.)

သမီးငယ်-မသက်မာစိုး 2nd Year (IC)။

မွေးနေ့ဆုတောင်း

မောင်ဇော်မင်းသူ (A/B) M.T SULPHUR SPIRIT (GOLDEN EAGLE INTERNATIONAL CO.,LTD.) ၂၂-၇-၂၀၀၃ရက်နေ့တွင် ကျရောက်သောမွေးနေ့မှ နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ပျော်ရွှင် ချမ်းမြေ့ခြင်းများနှင့်အတူ လိုအင်ဆန္ဒမှန်သမျှ ပြီးပြည့်စုံနိုင်ပါစေ။

ဖေဖေ - ဦးသန်းအေး
မေမေ - ဒေါ်စန်းစန်း
မကြီး - မဖြူဖြူသန်း+ကိုဝင်းနိုင်
မငယ် - မအေးသီတာ
တူ - သူရဝင်း
တူမလေး - ဂျူးဂျူး။

Yan Aung

ROYAL ARROW

CAR RENTAL

သင့်ခရီးအတွက် ဖုန်းဆက်ရုံနဲ့ ကျေနပ်မှုပြည့်စေရမည်။ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဖုန်း-၂၁၁၄၈၅၊ ၂၁၂၁၉၃။

CRANE

MCC မှအထူးအစီအစဉ်

10% OFF
31 July 2003

ICT FOUNDATION COURSE

BizSoft Family of ACE Data Systems
InfoCom Systems

Certificate in Network Engineering

- Networking Concepts
- Network Topologies
- Network Protocol
- Installation & Configuration

Certificate in IT for Office Work

- Internet and E-mail
- Microsoft Word
- Microsoft Excel
- Microsoft Access
- PowerPoint

JOB VACANCY

(For Local Service Only)

		Age	
1. Engineer Manager (B.E Mechnical)	(M)	28-36	(1-Post)
2. Canning Engineers (A.G.T.I Mechnical)	(M)	24-30	(4-Post)
3. Maintenance Engineers (A.G.T.I Mechnical)	(M)	24-30	(2-Post)
4. Electrical Engineers (A.G.T.I Electrical Power)	(M)	20-30	(2-Post)
5. Sales & Marketing Executive	(M/F)	20-30	(6-Post)

(a) **Qualification** - Experience Required 2 years minimum.

(b) **Language** -Myanmar & English

Please send C.V with current salary and expected salary, passport photo, NRC card copy and Labour Registration to the following address by 7 days after this advertisement.

FAMAT CO.,LTD
No. 91/105, Bldg(1), Second Floor(Right), Min Ye Kyaw Swar ST, Lanmadaw TS, Yangon, Myanmar.
Tel: 212286, Fax: 212286

ဦးသိန်းလှိုင်ဖြူ (CYRIL)

အသက်(၅၆)နှစ်

အန်ကယ်(၁၅-၇-၂၀၀၃)ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အန်ကယ်ကောင်းရာသုဂတိလားပါစေ။

MCL မှ တပည့်များ-
ဒေါ်သန့်သန့်စင်အောင်(မမူ)(Prominent Shipping Pte Ltd)
ဒေါ်အေးအေးအောင်(Hub International Co.,Ltd)
ဦးစန်းခိုင်လှ(Eagle Shipping Co.,Ltd)
ဦးကျော်လွင်ဦး(E.F.R Freight Forwarding Co.,Ltd)

လွမ်းဆွတ်သတိရခြင်း

၂၂-၇-၂၀၀၀ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ကိုသန်းဦး(ပင်မဆေးဆိုင် မန္တလေးဈေးချို)၏ (၃)နှစ်ပြည့်သော်လည်း ယနေ့တိုင်မေ့မရနိုင်ပါသဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ အမျှပေးဝေပါသည်။

အမေ - ဒေါ်မိမိကြီး
ညီမ - မခင်ဆွေသန်း(ခ)ဂျစ်တူး
ညီ - မောင်အောင်မျိုး+ မတူးတူးမာ။

Supersaloon, Van, Town Ace, MarkII, Hilux, Publica

Ph :299983, 296137

Ruby Car Rental
☎ 725317, 650823

Saloon မှစ၍ Van, Hilux, Publica

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၅

ဦးလှစိုးလွင် **နှင့်** **ဦးစောလှိုင်ပါ(၉)ဦး**
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁၆တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူဦးလှ-ဒေါ်ရွှေဆင်(ခ)ဒေါ်ဆင့်တို့၏ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ပါရှိသော ပစ္စည်းများ၏ ၂၄ပုံ ၄ပုံ $\frac{၄}{၂၄}$ ကို တရားနိုင်က ရယူရန်အတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ၂၂ရက်နေ့ နံနက် (၁၀:၀၀)နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က တရားနိုင်တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ မမှန်စကားပါခြင်းသို့မဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

၂။ လေလံဆွဲတက်ရာတွင် မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်းပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက် ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်ပြင် အမြင့်ဆုံးတိုးတက် ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိကသို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ်၂၁၊ နည်းဥပဒေ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူသူအဖြစ်ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်သကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ယင်းသို့ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ ဆွဲဝယ်သည့်ငွေအားလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် (၁၅)ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသောလေလံငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ(၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၂၃)၊ မြေချိန်ဧရိယာ(၀ ဒသမ ၉၅၇)ဧကရှိသော မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၄၈၅ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ။ (ယင်းဥပစာတွင် တရားရှုံး အမှတ်(၇) ဒေါ်လှခင်မကြီး နေထိုင်လျက်ရှိသည်။) **ကြမ်းခင်းဈေးကျပ်သိန်း(၁၂၀၀)**

DEVELOPMENT CO.,GROUP LTD.

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်(N D C G)၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် ကြေညာခြင်း

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး (AGM)ကို ဇူလိုင်လ(၂၆)ရက်နေ့၊နေ့လယ်(၁း၀၀)နာရီတွင်အမျိုးသားစာတိုက်ရုံး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာရှင်များသို့ (၂၈.၇.၂၀၀၃)ရက်နေ့မှစ၍ အစုပေါ်အမြတ်ငွေများ ခွဲဝေပေးမည်ဖြစ်ပါသည်၊ **အစုရှယ်ယာအသစ်များကိုလည်း** ဩဂုတ်လကုန်အထိ ထပ်မံရောင်းချပေးပါမည်၊ **အစုရှယ်ယာရှင်များ သို့ တိုက်ခန်းများအား အထူးလျှော့ဈေး**ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

ဒေါ်သန်းနွဲ့(ခ)ဒေါ်မေရီသန့်
အသက်(၆၇)နှစ်
တက/ပစ္စည်းထိန်း၊တပ်မတော်ရေ(ငြိမ်း)

သဲကုန်းမြို့နေ (ဦးသန့်-ဒေါ်သိန်းအောင်) တို့၏သမီး၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၄၇၇)သုမနလမ်း(၁၆/၂)၊ရပ်ကွက်နေ ဒေါ်ညွန့်ရင်၏ညီမ၊ ရန်ကုန်မြို့ အမှတ်(၁၅/၅၅)အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်နေ ဦးဖုန်းမြင့်၏ဇနီး၊ မမြင့်သန္တာ(New-Face-ယုဇနပလာဇာ)၊ မမြင့်စန္ဒာ-ကိုကျော်မြင့်ကျော်၊ မမြင့်မာလာ (ရိုးမဘဏ်၊မင်္ဂလာဈေးဘဏ်ခွဲ)တို့၏ မိခင်၊ မအိမ့်မြတ်နိုးကျော် (II-E- အလက-၁၊ဒဂုံ)၊ မောင်ကောင်းထက်ဝံ့ကျော်တို့၏အဘွား ဒေါ်သန်းနွဲ့(ခ) ဒေါ်မေရီသန့်သည် ၂၁-၇-၂၀၀၃(တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုင်းမောင်ငယ်
အသက်(၄၀)
ဒု-လက်ထောက်အကောက်ခွန်မှူး
(ကပ-၇၆၂၈)

လှိုင်လင်မြို့၊ (၄)ရပ်ကွက်၊ ပွင့်ဦးလမ်းနေ (ဦးခင်မောင်ဌေး)-ဒေါ်ခင်မြသန်း တို့၏သား၊ လှိုင်လင်မြို့၊ (၃)ရပ်ကွက်၊ မီးသတ်လမ်းနေ (ဦးအမ်ဘီလမ်းဘူး) ဒေါ်ဘီးမာယာတို့၏ သားသမက်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်စောအောင်လမ်းနေ ဒေါ်နီလာ၏ ချစ်လှစွာသောခင်ပွန်း၊ မဂုဏ်ရည်ထက်စံ၏ မွေးသဖခင်ဦးစိုင်းမောင်ငယ်သည် တာချီလိတ်ဆေးရုံကြီး၌ ၂၀-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင် တာချီလိတ်မြို့ ဖုန်းထွန်ရပ်ကွက် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်
အသက(၈၆)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခမ္ဘိကဝတီလမ်း၊ အမှတ်(၄၄)နေ (ဦးဖေသိန်း-ဒေါ်ဟန်နွဲ့)တို့၏ သမီး၊(ဦးစန်-ဒေါ်သန်းသန်း)၊ဒေါ်မြအေးတို့၏အစ်မ၊ ဒေါ်ခင်သန်းနွဲ့ (အထက-၄၊စမ်းချောင်း)၊ ဦးမြင့်သိန်း-ဒေါ်ခင်အုန်းမြင့်၊ ဦးခင်မောင်ချို-ဒေါ်ခင်ထွေး၊ ဦးခင်မောင်ညို-ဒေါ်စီစီလွန်းတင်၊ ဦးကျော်ရှိန်-ဒေါ်ခင်မာရီ၊ ဦးဝင်းတင်-ဒေါ်သဇင်ကြည်၊ ဒေါ်ခင်သန်းထွေး (အထက-၅၊ကြည့်မြင်တိုင်)တို့၏အဒေါ်သည် ၂၁-၇-၂၀၀၃ရက်တွင်နေအိမ်၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြွေ(၇၂)နှစ်
(ထူးကြီး)

ဧရာဝတီတိုင်း၊ ထူးကြီးမြို့၊ မြို့မလမ်း၊ အမှတ်(၆၇)နေ (ဦးအောင်ဆင်-ဒေါ်အေးမှုံ)တို့၏ သမီး၊ ဦးအေးသိန်း၏ဇနီး၊ ဦးအေးကြူ(မြောင်းမြခရိုင်ဆောက်လုပ်ရေး)-ဒေါ်ကြည်စန်း(အိုးအိမ်ရုံးချုပ်)၊ ဦးစိုးမှူး(ကျောင်းအုပ်)-ဒေါ်မြင့်မြင့်ကြည် (အထက၊မဲဇလီကုန်း)၊ ဒေါ်ချိုချို၊ ဦးမြတ်ဆန်း(တိုင်းဆောက်-၃)-ဒေါ်ခင်မိမိ (အထက၊ သုဝဏ္ဏ)၊ ဦးခိုင်ဝင်း-ဒေါ်ခင်မျိုးသက်၊ ဒေါ်သင်းသင်းအေး (အနောက်ပိုင်းတက္ကသိုလ်)တို့၏ မွေးသမိခင်၊ မြတ်မင်းဟိန်း၏ ဘွားဘွားကြီးသည် ၁၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅၇၃၊ကေတုမတီ(၁၇)လမ်း၊ (၆)ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးအောင်ကြီးမြင့်(၆၇)နှစ်
ဦးမောင်မောင်အေး(ခ)
ရုပ်ရှင်ဒါရိုက်တာကြီး

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ(၂)ရပ်ကွက်၊ ခရေလမ်း (၂၉/၄၀၉)နေ ယခင်သိန်းသန်းဆင့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် (ဦးမောင်မောင်-ဒေါ်သန်းမေ)တို့၏ သား၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးကျော်စိုးဦး-ဒေါ်အမာရီ၊ ဦးမြသွေး-ဒေါ်ကြိုင်သင်းခိုင်တို့၏ ဖခင်၊ မြေး မသိမ့်သိမ့်သူ၊ မောင်ဘုန်းမြတ်သူ၏ အဘိုးသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(၅၃)နှစ်
နယ်စပ်စည်ပင်၊ ဘီးလင်းမြို့
မွန်ပြည်နယ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သိန်း၏မြေး၊ ရန်ကုန်တိုင်း၊ အမှတ်(၂၈/၁၀၄၆)၊ အောင်သိဒ္ဓိ(၁)လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးဝင်းမြင့်-ဒေါ်အေးသိန်းတို့၏ သားကြီး၊ ဗိုလ်ကြီးစောဝင်း - မတင်တင်ဝင်း (ပုသိမ်)၊ ဦးစိန်ဝင်း-မသီသီထွန်း (ပြင်ဦးလွင်)၊ ဦးမျိုးဝင်း-မတင်တင်သန်း(ရန်ကုန်)တို့၏အစ်ကိုကြီး ဦးစိုးဝင်းသည် ၁၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၁-၇-၂၀၀၃ရက်တွင် ထားဝယ်ချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်အုန်း(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၃၇/၃၉)နေ (ဦးကျော်-ဒေါ်အုန်း)တို့၏ သား၊ ဒေါ်ခင်ညွန့်၏ ခင်ပွန်း၊ ဦးခင်မောင်ထွန်း (I.W.T)၊ ဒေါ်ခင်မမ(အမက-၈၊တာမွေ)၊ ဦးခင်မောင်အေး၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဥမ္မာ၊ ဒေါ်အေးအေးမာ (ဦးညီသိန်းဦး)၊ ဒေါ်အေးအေးမြတ် (ခေတ္တ-ဂျပန်)တို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် သျှင်ပါကူအထူးကုဆေးခန်း၌ ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်သီ(၈၆)နှစ်
(ကမ္ဘာအေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၃၁၈)၊ ချမ်းသာလမ်းနေ ဦးမျိုးသန့်-ဒေါ်ခင်စန်း၊ ဦးတင်မောင်ထူး(လ/ထမန်နေဂျာ၊ အင်/ယာ၊ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်)-ဒေါ်သန်းသန်းနု၊ဦးသိန်းထွန်း-ဒေါ်စုပယ်ဦးတို့၏မွေးသမိခင်၊မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းတန်(၇၅)နှစ်
(ဗဟိုဘဏ်၊ငြိမ်း)
(စမ်းချောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၁၀)နေ (ဦးဦးဂါး၊ မြန်မာ့ရေနံ၊ ငြိမ်း)၏ ဇနီး၊ ဦးကျော်ဝင်း(Seven Golden Lions Enterprise)-ဒေါ်ချယ်ရီဦး(ကမ္ဘောဇဘဏ်လီမိတက်၊ ပုဇွန်တောင်ဘဏ်ခွဲ)၊ ဦးသိန်းဦး (ဦးသုဇာတ၊ သန်လျင်)-ဒေါ်ခင်စန္ဒာအောင်ဘ၊ဦးမောင်မောင်လှ (ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျား)-ဒေါ်ကျင်သန်း၊ ဦးစောဟန် (Asia World Co.,Ltd.)-ဒေါ်ယဉ်ယဉ်မေ၊ ဦးစိုးကိုကို-ဒေါ်မိမိစိန်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးထွန်းတင်(၅၂)နှစ်
(သံတွဲမြို့)

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်နေ (ဦးကျော်ဆင့်-ဒေါ်ညီမကြီး)တို့၏ သား၊ (ဦးထွန်းမြိုင်-ဒေါ်ချစ်မေ)တို့၏ သားသမက်၊ ဒေါ်ဖွားမြင့်၊ ဒေါ်လှဝင်းတို့၏ မောင်၊ ဦးကျော်စိုး(သတင်းတပ်ဖွဲ့)၏အစ်ကို၊ မောင်အောင်နေထွန်း(သတင်း တပ်ဖွဲ့၊ မိုးကုတ်မြို့)၊မစန္ဒာဝင်း(ဒုနစ်၊ အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ မစန္ဒာစိမ့် (ပနစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏ ဖခင်၊ ဒေါ်နွဲ့နွဲ့ဝင်း (အထပြ၊အထက-၁၉၊ချမ်းအေးသာဇံမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်းသည်၂၁-၇-၂၀၀၃ရက်တွင် မန္တလေးမြို့ အမှတ်(၆၆x၆၈)ကြား (၂၇)လမ်း ပြည်ကြီးမျက်မှန်ရပ် အမှတ်(၉၈)နေအိမ်၌ ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်နွဲ့(၈၂)နှစ်
(ပြင်ဦးလွင်)
(ရန်ကုန်မြို့၊သမ္မတသက်န်းတိုက်နှင့်မန္တလေးမြို့မင်းသီဟသက်န်းတိုက်)

ပြင်ဦးလွင်မြို့၊အောင်ချမ်းသာနေ (ဦးဘိုးတုတ်-ဒေါ်ဖွားမို)တို့၏ သမီးကြီး၊ မန္တလေးမြို့၊ မင်းသီဟသက်န်းတိုက်ပိုင်ရှင် (ဦးထွန်းရှိန်)၏ ဇနီး၊ အဘိုးဦးဘရင်၏တူမ၊ ဒေါ်မြကြည်၊ ဦးမောင်ကို-ဒေါ်ခင်ဌေး၊ ဦးချစ်စော၊ ဒေါ်ကြည်လေးတို့၏ အစ်မကြီး၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ(သမ္မတသက်န်းတိုက်)၊ (ဦးအောင်သူ)၊ ဒေါ်ကြည်စိန်၊ ဦးတင်ထွန်းအောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းထွန်း၊ ဒေါ်စုစု၊ ဒေါ်နုနုတို့၏ မွေးသမိခင်၊ ဝင်းမျိုးသန့်၊ နေအောင်ကို၊ အောင်ကျော်လင်း၊ အိမို့မို့ခိုင်၊ ဝင်းကိုကိုဖြိုးတို့၏ အဘွားသည် ၂၀-၇-၂၀၀၃ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၅၆)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှကားများမွန်းတည့် ၁၂နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးကြီးသာအေး(ငြိမ်း)
အသက်(၆၈)နှစ်
ကြည်း/၅၉၂၈
ဗိုလ်သင်တန်း အမှတ်စဉ်(၂၁)
(ဗဟန်း)

ရန်ကုန်မြို့၊ အမှတ်(၉၀)၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်နှင့် (၁၆/၁၄၂)၊ တော်ဝင်လမ်း၊ ရွှေပြည်သာမြို့နယ် နေ(ဦးထွန်း-ဒေါ်တင်သန်း)တို့၏ သား၊ ဒေါ်ခင်ခင်မြင့်(အနုတ်မာ)၏ ခင်ပွန်း၊ (ဦးဝင်းဒင်)-ဒေါ်ညွန့်တင်၊ (ဦးသိန်းမောင်-ဒေါ်ညွန့်ရီ)တို့၏ မောင်၊(ဦးအောင်ကြည်)-ဒေါ်အေးသန်း၊(ဦးမင်းထိုက်)-ဒေါ်ရင်ရင်မြင့်၊ ဦးမောင်မောင်သိန်း-ဒေါ်လှလှမြင့်၊ဒေါ်တင်တင်လှတို့၏ အစ်ကို၊ ကိုချစ်ဦး-မချိုချို ကြည်၊ (ဒုတိယဗိုလ်အေးကျော်)၊ မသင်းသင်းအေး(ကထိက၊ သတ္တ၊ ဆေး-၁)၊ ဒေါက်တာဆန်းဝင်း - ဒေါက်တာခင်သန်းကြည် (သရုပ်ပြ၊ သွား/ဆေးတက္ကသိုလ်ရန်ကုန်)တို့၏ ဖခင်၊ မြေးသုံးယောက်၏ အဘိုးသည် ၂၀-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထွေထွေရောဂါကု ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဟာကင်(ခ)ဖိုးဖိုးကြီး
အသက်(၉၃)နှစ်
(ဝါးခယ်မ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အိမ်အမှတ်(၆၉၉)၊ (၄၆)ရပ်ကွက်နေ ဦးမြမောင်-ဒေါ်စိန်စိန်နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးတင်လှိုင်-ဒေါ်ခင်တိုးတို့၏ ဖခင်သည် ဒဂုံမြို့သစ်နေအိမ်၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၀-၇-၂၀၀၃ရက် ဇိုဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်း(၈၉)နှစ်
(ကွမ်းနီး၊ ကျောက်တန်း)

ကျောက်တန်းမြို့နယ်၊ ကွမ်းနီးကျေးရွာနေ ဦးဘိုးဘဏ်-ဒေါ်သဲရွှေတို့၏ သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၂၅)နေ ဦးအောင်သိန်း၏ဇနီး၊ ဦးမင်းဆွေ-ဒေါ်ခင်ရီတို့၏မိခင်၊ မအေးစန္ဒာမင်း၊ ဗိုလ်ဇော်ဇော်၊ မမြသော်တာတို့၏ အဘွားသည် ၂၀-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသိန်း(၈၃)နှစ်
(ဒိုက်ဦး)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့သစ်၊ (၆/၉)ရပ်ကွက်၊အမှတ်(၁၁၀/ခ)၊ ဇော်ဂျီလမ်းနေ (ဦးလုမောင်-ဒေါ်အုန်း)တို့၏ သား၊ (ဒေါ်ညွန့်ရီ)၏ ခင်ပွန်း၊ ဦးရဲဝင်း-ဒေါ်ထားရင်၊ ဦးအေးသိန်း၊ ဦးဝင်းသိန်း-ဒေါ်တင်နွဲ့၊ ဦးဝင်းတင်-ဒေါ်ခင်အေးမြင့်၊ ဦးအေးလွင်-ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းအောင်-ဒေါ်အေးအေးဌေး၊ မအေးအေးဝင်း၊ မခင်မြင့်ကြည်၊ မောင်စိုးသိန်း၊ မောင်ဇော်လွင်-မနီတာတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးသည် ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ရဟန်းဒါယကာကြီး
ဦးနန်မတ်(၆၅)နှစ်
(ကျိုင်းတုံ)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၂၄/၂၆)နေ ဒေါ်နန်းခမ်းမုန့်၏ ခင်ပွန်း၊ စိုင်းဆောင်တစ်၊ စိုင်းထွန်းတစ်၊ နန်းဆိုင်ဟွမ်၊ စိုင်းဝီလွန်း၊ နန်းစမ်ဟွမ်၊ နန်းမိုဟွမ်၊ နန်းယုန်းဟွမ်၊ စိုင်းဝန်းတစ်၊ နန်းဖောင်းတစ်၊ နန်းမိုတစ်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၀-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးများ။

မသန်းသန်းဝင်း(ခ)
မဟယ်ရိဘာနူ (၄၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက်(၂၇)၊ အခန်း(၃)နေ (ဦးသန်းညွန့်)-ဒေါ်တင်ရွှေတို့၏ သမီး၊ (ဦးထွန်းရွှေ)-ဒေါ်တင်ကြည်၊ ဦးကျော်အောင်၊ ဦးမြတ်ရှင်-ဒေါ်သောင်းရီ၊ မသိန်းရွှေ၊ ဦးဘကက်-ဒေါ်ခင်ခင်ထွေး၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်စန်းတို့၏ နှမသည် ၂၁-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၂-၇-၂၀၀၃ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသျှိအယ်ကဘာရ်စတန်၌ ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးမင်းနောင်(၇၆)နှစ်

(ဦးထွန်းရင်-ဒေါ်အေးရင်)တို့၏ သား၊ (ဦးထွန်းလွင်-ဒေါ်ထွေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်(၂၇၀)၊ အခန်း(၄)နေ ဒေါ်ခင်ညို၏ခင်ပွန်း၊ ဦးစန်းနိုင်-ဒေါ်ခင်အေးမူ၊ ဦးထွန်းထွန်း (အကောက်ခွန်) - ဒေါ်ကြူကြူဇင် (တရားရုံးချုပ်)၊ ဦးဖုဏ်းငွေ(Lucky Stars Agency)-ဒေါ်ဖြူဖြူခိုင်၊ ဦးမင်းကျော်သူ(ဒုရဲအုပ်၊ ဆည်တော်ရဲစခန်း)-ဒေါ်မွန်သူဇာစိုးတို့၏ ကျေးဇူးရှင်ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၀၃ရက်တွင် U.H.C ဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂:၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးခွေးနီ (၆၈)နှစ်
(ဒိုက်ဦး၊ဖောင်တော်သီ၊ရှမ်းစု)

ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ/ရှမ်းစုကျေးရွာနေ (ဦးဖိုးမြိုင်-ဒေါ်ငြိမ်း)တို့၏သား၊(ဦးရန်ငြိမ်း) -ဒေါ်ထွေးတို့၏ သားသမက်၊ဒေါ်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဦး-ဒေါ်ဝင်းတင်၊ ဦးဇော်သန်း (ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်သန်းသန်းမြင့်(ပြည်သူ့လွှတ်တော်ရုံး)၊ ဦးမြဇော်၊ မအေးအေးမျိုးတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၉-၇-၂၀၀၃ ရက်တွင် နှင်းဆီကုန်း အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ရှမ်းစုကျေးရွာ သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးနန်မတ်(၆၅)နှစ်
ကျိုင်းတုံအသင်း(ရန်ကုန်)
(ကျိုင်းတုံ)

ကျိုင်းတုံမြို့နေ(လုံးနန်ဆမ်-ပါပန်)တို့၏သား၊ လုံးဆမ်-(ပါနန်းဆန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၂၄/၂၆)နေ ဒေါ်နန်းခမ်းမုန့်၏ ခင်ပွန်း၊ ဦးစိုင်းမုန့်တစ် (Silver Arrow Co., Ltd.)-ဒေါ်နန်းသန်း၊ တာချီလိတ်မြို့နေ ဦးစိုင်းရီတစ်-ဒေါ်နန်းအဲန်ခမ်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊အမှတ်(၄၂)နေ ဦးစိုင်းဆမ်-ဒေါ်နန်းခမ်းတစ်(မန်နေဂျင်းဒါရိုက်တာ၊ Silver Arrow Co.,Ltd.၊ကမ္ဘာလုံးသောက်ရေသန့်)တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ ချစ်လှစွာသောအဘိုးသည်၂၀-၇-၂၀၀၃ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၈:၄၅နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၀၃(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရား နာယူမည်ဖြစ်ပါ၍ အမှတ်(၂၄/၂၆)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးလှရွှေ အသက်(၆၀)
လုပ်သားမှူး(ငြိမ်း)ဆည်မြောင်း
(မြို့လေးကျေးရွာ)

ပဲခူးမြို့နယ်၊ မြို့လေးကျေးရွာနေ ဒေါ်သန်းမြင့်၏ ခင်ပွန်း ရာသက်ပန်အသင်းဝင်အမှတ် (၁၂၉၉)သည် ၁၉-၇-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၂၁-၇-၂၀၀၃ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်ခင်ဝင်းမေ(ခ)ဒေါ်မီမီဝင်း
အသက်(၅၈)နှစ်
Diana Tin Oo
ST.Francis Convent
ကျောင်းသူဟောင်း
(သုဝဏ္ဏ)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၂)၊ အခန်း(၅)နေ ဦးတင်ဦး-ဒေါ်ခင်မေတို့၏ သမီးကြီး၊ (ဦးမြင့်သိန်း-ဒေါ်မြစိန်)တို့၏ သမီးချွေးမ၊ (ဦးအောင်ကျော်မိုး)၏ ဇနီး၊ ဒေါက်တာဦးရီဝင်း-ဒေါက်တာနီလာ (ဆေးရုံအုပ်၊တက္ကသိုလ်များဆေးရုံ)၊ (ဦးဇင်ဇော်နီ)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက် (၂၃၇)၊ အခန်း(၁)၊ ဓမ္မယျသုခလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏနေ ဦးသက်အောင်-ဒေါ်မိုးစန္ဒာဦး၊ ဦးစိုးထိုက်-ဒေါ်မိုးကလျာဦး၊ ဦးမိုးဝဏ္ဏ-ဒေါ်ဝင့်ဝါလွင်၊ ဒေါ်မိုးပပ(ရေကြောင်းတက္ကသိုလ်)တို့၏ မိခင်၊ ဦးဖုန်းကျော်စိုး-ဒေါ်ပပသင်း၊ မောင်ကျော်စွာထွန်း၊ မထက်ထက်အောင်တို့၏ ကြီးဒေါ်၊ မောင်ကျော်နန္ဒနှင့် သားငယ်လေးတို့၏ အဘွားသည် ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန်(၅၈)နှစ်
(ကျောက်ဖြူ)

ဦးဘမောင် - (ဒေါ်အေးလုံ)တို့၏ သမီး၊ ဦးဘသာ(ဒုညွှန်မှူး၊ငြိမ်း၊ မီးသတ် ဦးစီးဌာန)၏ ဇနီး၊ ဦးသန်းလှဦး-ဒေါ်ကြည်စိန်(အမ်းမြို့ဆက်သွယ်ရေး)၊ ဦးတင်မြ-မတူ(သံတွဲဆောက်လုပ်ရေး)၊ ဦးအောင်မြ-မသီတာ(SAE သံတွဲဆောက်လုပ်ရေး)၊ ဦးအောင်ခင်-မဝင်း (သံတွဲဆောက်လုပ်ရေး)၊ ဦးခင်လှတို့၏ အစ်မသည် ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ (လ-၁၀/၇၀)နေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရဲလွင်(၅၁)နှစ်
(ယခင်ကုန်သွယ်ရေး-၄၊ ငြိမ်း)

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ် FMI ပဒေသာအိမ်ရာ၊ ရွှေနှင်းဆီလမ်းသွယ်(၁)၊ အမှတ်(J-၂၄)နေ (ဗိုလ်မှူးမျိုးလွင်)-ဒေါ်ခင်မမတို့၏သား၊ ဒေါ်ခင်မျိုးလွင် (မြန်မာ့ခရီးသွားလုပ်ငန်း၊ ငြိမ်း)၊ ဦးချစ်လွင် (Ex Annagel Shipping Co.)၊(ဦးသက်လွင်)၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလ Complex၊ တိုက်(D)၊ အခန်း(၂၀၁)နေ ဦးဝင်းလွင်(Yetagun Fso)၊ (ဦးထွေးလွင်)တို့၏ မောင်/အစ်ကိုသည် ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ရက် ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းမောင်(၄၅)နှစ်
ASIA WORLD PORT MANAGEMENT CO., LTD

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁၀)တောင်၊ သာယာဝတီ(၆)လမ်းနေ ဦးမောင်မောင်-ဒေါ်ကျင်စွမ်း တို့၏သား ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဘုတာရုံလမ်း၊ အမှတ် (၁၂၇၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်သောင်းရင်)တို့၏ သားသမက်၊ ဦးတွတ်-ဒေါ်တင်တင်အေး၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်၊ (ဦးလှမြင့်)၊ ဦးစိန်အောင်ကျော်-ဒေါ်ခင်သန်းဇင်တို့၏ ညီ/မောင်၊ ဦးသိန်းတန်-ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးမြင့်၊ မတင်တင်ခိုင်တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်စိန်၏ ခင်ပွန်း၊ မောင်ဇေယျာမင်းထင်၊ မောင်ဟန်မင်းထွန်း၊ မသရဖီ(အလက-၂၊ရန်ကင်း)၊ မောင်ဝေဖြိုးကျော် (အထက-၂၊ ရန်ကင်း)တို့၏ ဖခင်သည် ၂၁-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ ရက် မွန်းလွဲ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဇရာဘီဘီ(ခ)မသန်းသန်းဝင်း
အသက်(၃၃)နှစ်
B.Sc(Chem)Q. D.A., LCCI (Level I, II, III)
မန်နေဂျာ၊ စာရင်းအင်းဌာန၊ ပထမပုဂ္ဂလိကဘဏ်
သီရိမင်္ဂလာဈေးဘဏ်ခွဲ(သန်လျင်မြို့)

သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်နေ (ဦးထွန်းကြိုင်) - ဒေါ်မြကြိုင်တို့၏ သမီးငယ်၊ ဦးလှထွန်း-ဒေါ်စန်းစန်းအေး၊ ဒေါ်လှလှဝင်း၊ ဒေါ်လှကြိုင် (ဒါရ်ဂါ အမက)၊ မောင်ထွန်းလှိုင်(ခေတ္တ-ကိုရီးယား)တို့၏ ညီမ၊ မောင်ထွန်းမောင်၏ချစ်လှစွာသောအစ်မ၊မောင်မျိုးဇော်ထွန်း (ခေတ္တ- မလေးရှား)၊ မောင်သူရမျိုးထွန်း၊ မသီရိမျိုးထွန်း(IX-A၊ အထက-၁၊ သန်လျင်)၊ မောင်သီဟမျိုးထွန်း (IV၊ ဒါရ်ဂါ၊အမက)တို့၏ ချစ်လှစွာသော အဒေါ် မသန်းသန်းဝင်းသည် ၂၀-၇-၂၀၀၃ရက် ည ၁၁:၃၅နာရီတွင် ကွယ်လွန်ပါ၍ ၂၁-၇-၂၀၀၃ရက် ဇိုဟိုရ်နမာဇ်အပြီးတွင် သန်လျင်မြို့ ဒါရ်ဂါကဘာရ်စတန်တွင် ကောင်းမွန်စွာ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇနိတ
ငါး/မြောက်ရပ်ကွက်၊သံဃနာယကအဖွဲ့ဝင်
သိက္ခာတော်(၃၀)၊ သက်တော်(၅၀)
(မြန်အောင်၊ စာဖြူကုန်းရွာ)

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ငါး/မြောက်ရပ်ကွက်၊ ငါးထပ်ကြီး၊ မော်လမြိုင်ကျောင်းတိုက်၏ ပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ဇနိတ ဆရာတော်သည် (၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) ၁၉-၇-၂၀၀၃(စနေနေ့) ညနေ၅:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၆၅ခု ဝါဆိုလပြည့်ကျော် ၁၀ရက်) ၂၃-၇-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်လမြိုင်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇာဂရ(ခ)ဦးစံမြင့်
သိက္ခာတော်(၂၂)ဝါ၊ သက်တော်(၇၅)နှစ်
(ကြိုးကြာကွင်းကျေးရွာ၊ တိုက်ကြီးမြို့)

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကြိုးကြာကွင်းကျေးရွာနေ (ဦးစံအေး-ဒေါ်ဖွားမို)တို့၏သား တိုက်ကြီးမြို့၊ ကြိုးကြာကွင်းကျေးရွာတွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တ ဇာဂရသည် (၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော်၇ရက်)၊ ၂၀-၇-၂၀၀၃ (တနင်္ဂနွေနေ့)နံနက်၈:၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်အထွေထွေရောဂါအထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၂၂-၇-၂၀၀၃(အင်္ဂါနေ့) ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။(အမှတ်၃၉၊ဈေးကလေး၃-လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှ မွန်းလွဲ၂နာရီတွင် ကားများထွက်ပါမည်။) ကျန်ရစ်သူတပည့်ဒါယကာ၊ဒါယိကာမများ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီယာကူးဗ်မနီး(ခ)
ဦးထွန်းဝင်း(၆၉)နှစ်
(မန္တလေးမြို့)

မန္တလေးမြို့၊ (၂၅)လမ်း၊(၈၃x၈၄)၊ မင်္ဂလာရပ်နေ (ဦးအာမဒ်မနီး-ဟာဂျီမဒေါ်အမီနာဘီ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ အထက်လမ်း၊ အမှတ်(၃၆၆)ပထမထပ်နေ ဒေါ်ဆာရာဘီ(ခ)ဒေါ်ခင်သက်၏ ခင်ပွန်း၊ ကိုမူဆာ၊ ကိုနော်မန်(ခ)စိန်မောင်-မသီတာဦး (ခေတ္တ-ဂျပန်)၊ ကိုဘိုင်လေး(ခ)ညီညီ၊ ကိုဝင်းညွန့်-မဟမီဒါ၊ ကိုဟာရွန်-မမော်လီဝင်း၊ ကိုမွတ်စတဖ်-မစီစီဝင်း၊ ကိုကျော်မျိုးဌေး-မယုယုဝင်းတို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၀၃ရက်တွင် မန္တလေးမြို့၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့၌ ဂျုမ္မာနမာဇ်အပြီးတွင် မန္တလေးမြို့ ကြာနီကန် ကဘာရ်စတန်၌ ဒါဖနာပြီးစီးပြီးဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဥ(၆၇)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၃၂၄-က)နေ ဦးအောင်ကြည်၏ဇနီး၊ မခင်အေးကြည်၊ ဦးအေးကြူ-ဒေါ်သန်းနွဲ့၊ ဦးနိုင်ဝင်း-ဒေါ်မြင့်မြင့်မော်တို့၏မွေးသမိခင်၊ မြေး၁၁ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်ခင်ဥသည် ၂၀-၇-၂၀၀၃ရက် ညနေ၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၃ ရက် မွန်းလွဲ၁နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ(၅၄)နှစ်
(ဖျာပုံ)

ဖျာပုံမြို့နေ(ဦးထွန်းငြိမ်း-ဒေါ်မိ)တို့၏ သမီး၊ ဦးအောင်ဆန်း-(ဒေါ်ဖွားမြ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင်နောင်ပွဲရုံတန်း၊ ကန့်ကော်လမ်းသွယ်(၂)လမ်း၊ အမှတ်(က/၈၄)၊ အောင်မေတ္တာပွဲရုံနေ စာရေးကြီးဦးဆန်းလွင်၏ ချစ်လှစွာသောဇနီး၊ ဖျာပုံမြို့နေ (ဦးမောင်ကံ-ဒေါ်ငွေကြည်)၊ ဦးသန်းကြီး-(ဒေါ်ခင်မြ)တို့၏ ညီမ၊ မမြင့်သန်း၊ (ကိုညွန့်မောင်)-မအေးငြိမ်း၊ ကိုညွန့်သောင်-မမြမြဝင်း၊ မလှသန်း၊ ကိုစိုးနိုင်တို့၏ အစ်မ၊ တူ၊တူမ ၁၄ယောက်တို့၏ အဒေါ်သည် ၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(က/၈၄ နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်မင်းအောင် (၃၇)နှစ်
ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၂၂)

ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ လှိုင်တန်းလမ်း၊အမှတ်(၅)နေ ဦးမြအုန်း-ဒေါ်အမာခင်တို့၏ သား၊ မော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာနေ (ဦးအုန်း သောင်း)-ဒေါ်စန်းတို့၏ သားသမက်၊ ဦးသန်းချို-ဒေါ်စန်းတင်တို့၏ တူ၊ မအေးအေးမိုး၊ မောင်နိုင်လင်းအောင်တို့၏ အစ်ကို၊ ပဲခူးမြို့နယ်၊ မယင်းကောင်ကျေးရွာ၊ သတင်းတပ်ဖွဲ့၊ ငါးမွေးမြူရေးနှင့်စပါးစိုက်ပျိုးရေးစခန်းနေ မယင်းမာ၏ ခင်ပွန်း၊ မောင်သူရအောင်၏ ဖခင်သည် ၁၉-၇-၂၀၀၃ရက်တွင် ပဲခူးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၃ရက်တွင် ပဲခူးမြို့ ဖောင်တော်ဦးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းရွှေ (၈၉)နှစ်
(ပေါင်၊ ကျွဲခြံ)

မွန်ပြည်နယ်၊ ပေါင်မြို့နေ (ဦးအင်းငါး-ဒေါ်ပွင့်)တို့၏ပဌမသမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊အမှတ်(၁၅၆)(၈-လွှာ)နေ (ဦးကျော်ဝင်း)၏ ဇနီး၊ (ဦးကျင်းစိန်)-ဒေါ်ကျင်ပိုင်တို့၏ ညီမ၊ ဒေါ်ကျင်မြင့်၏ အစ်မ၊ ဦးထွန်းလင်း-ဒေါ်ခင်ဥ၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်စု၊ ဦးချိန်ဟန်-ဒေါ်မြအေး၊ ဦးညွန့်ဝေ-ဒေါ်အုန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်သန်းမြင့်တို့၏ အဒေါ်၊ ဦးလှမျိုးမြင့်-ဒေါ်မေဝင်းရွှေတို့၏ ချစ်လှစွာသော မိခင်၊ မေမျိုးခိုင်၊ ဇော်မျိုးထွဋ်တို့၏ အဘွားသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မေမေသွင် (၇၅)နှစ်
(မော်လမြိုင်)

မော်လမြိုင်၊စစ်ကဲကုန်းရပ်နေ(ရေဝန် ဦးလွန်းမြ-ဒေါ်ဖွားခင်)တို့၏ မြေး၊ (လမ်းအရေးပိုင် ဦးသာလှိုင်-ဒေါ်ဌေးတင်)တို့၏ ဒုတိယသမီး၊ ဦးမောင်မောင်သက်-ဒေါ်ခင်သစ်၊ဦးမျိုးတင့်-ဒေါ်ခင်သန်းဦး(ဇီးကုန်း)၊(ဒေါ်ခင်သက်ဆွေ)တို့၏ မိခင်၊မြေးငါးယောက်တို့၏ အဘွား၊ တူ၊ တူမ ၂၃ယောက်တို့၏ ကြီးကြီး၊ (ဦးကျော်သိန်း)-ဒေါ်ခင်ခင်၏ ညီမ၊ ဦးဝင်းလှိုင်-(ဒေါ်ရီရီလေး)၊ဦးထွန်းစိန်-(ဒေါ်ခင်ထားထား)၊ ဦးတင်အေး-ဒေါ်မေမေခင်၊ ဦးဖေမြင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းလှိုင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၉/၈)နေ ဒေါ်မေမေသွင်သည် ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ၁၉-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်နှင့် ၁၄၈လမ်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုရဲကျော်မင်း(ခ)ကိုပြည့်
အသက်(၂၂)နှစ်
Final years (Phy;) U.D.E

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပနှစ်ခြင်းအသင်းတော် နာယက သင်းအုပ်ဆရာ သိက္ခာတော်ရဆရာကြီး ဘိုးဘိုးဦးသာကျော်-(ဒေါ်ခင်စီ)တို့၏ မြေး၊ အင်းစိန်မြို့နေ ဦးကျော်မင်းစိန်(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) - ဒေါ်အေးမီစိန်တို့၏ သားလတ်၊ ဦးတင်မြတ် (လမ်း/တံတား၊ လက်ထောက်ကြီးကြပ်ရေးမှူး၊စည်ပင်)-ဒေါ်ချယ်ရီအေးတို့၏သားသမက်၊ မခင်ချောမင်း(B.Sc, Maths)၏ မောင်၊ မစန္ဒာမင်း(ဒုနစ်-စီးပွားရေး)၊ မောင်သီဟကျော်မင်းတို့၏ အစ်ကို၊ မိုင်ဆာယာ၏ ချစ်လှစွာသော ခင်ပွန်း၊ အင်ဒရူးကျော်မင်း၏ ချစ်လှစွာသောဖခင်သည် ၂၁-၇-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃-၇-၂၀၀၃ရက်မွန်းတည့်၁၂နာရီတွင် အင်းစိန်ရွာမ နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(ရွာမနှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184



လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရေသယံဇာတများဖော်ထုတ် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်း ၂၆၂ခု အကောင်အထည်ဖော်ခဲ့ ဧက ၄၉၂၀၀ အကျိုးပြု အထူးစီမံကိန်းကြီးရှစ်ခု ဆောင်ရွက်မည်

သတင်းဆောင်းပါး – ကျော်စိန်
ခတ်ပုံ – စိုက်ပျိုးရေး

ရန်ကုန်　ဇူလိုင်　၂၁

မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ နိုင်ငံ၏ ပထဝီအနေအထားအရ လည်းကောင်း၊ သွင်ပြင်လက္ခဏာများအရလည်းကောင်း မြေနှင့်ရေသယံဇာတကြွယ်ဝမှု၊ လုပ်အားအခြေခံကြွယ်ဝမှု၊ သဘာဝရာသီဥတု အခြေအနေပေးမှုတို့သည် ရေရှည်တွင် လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများဖြစ်သည်။

လယ်ယာကုန်ထုတ်လုပ်ငန်းကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးရန် စိုက်ပျိုးထုတ်လုပ်ရေးတွင် ရေရရှိရေးသည် အဓိကသော့ချက်တစ်ရပ်အဖြစ် ပါဝင်ပေသည်။ မြန်မာနိုင်ငံတွင် မြောက်မှတောင်သို့ စီးဆင်းသည့် အဓိကမြစ်ကြီးလေးသွယ်နှင့် မြစ်ချောင်းငယ်များစွာမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိမှု၊ သဘာဝမိုးရေရရှိမှု၊ မြေအောက်ရေရရှိမှုတို့သည် ရေအခြေခံကောင်းများပင်ဖြစ်သည်။

မြစ်ရေတင်

မြန်မာနိုင်ငံ၏ မြစ်ကြီးများသည် နိုင်ငံအတွင်း၌ မြစ်ဖျားခံ၍ ပင်လယ်ထဲသို့ စီးဆင်းကြသည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်မြစ်ကြီးများရှိပြီး သောက်သုံးရေအဖြစ် သန့်ပြန့်စွာ သုံးစွဲရရှိသည်။ ဤမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်တို့အပြင် အခြားသောရေစီးဆင်းမှုကောင်းသည့် မြစ်များ၌ မြစ်ရေတင်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးကို ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ မြေအောက်ရေဌာနခွဲတို့ ပူးပေါင်း၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနကို ၁၉၉၅ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

မကွေးတိုင်း စလင်းမြို့နယ်တွင် အကျိုးပြုဧက ၁၅၀၀၀ ကို မြစ်ရေတင်စီမံကိန်းအရ မြစ်ရေတင်ပေးမည့် တညောင်မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–စိုက်ပျိုးရေး)

ပုလဲဒေဝီတို့ အကြိုက်တွေ့ကြမည့် ပုလဲရွှေရည် ရောင်းချပွဲနှင့် ပုလဲလက်ဝတ်ရတနာဒီဇိုင်း ပြပွဲ၊ ပြိုင်ပွဲ

သတင်းဆောင်းပါး – မောင်မောင်ထွေး

ရန်ကုန်　ဇူလိုင်　၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေသယံဇာတ၊ မြေသယံဇာတနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် တွင်းထွက်သတ္တုပစ္စည်းအရင်းအမြစ်များ ပေါကြွယ်ဝသောကြောင့် သဘာဝ၏ဆုလာဘ်ကို ရရှိထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော လောကုတ္တရာရတနာမြတ်သုံးပါး ပွင့်လန်းထွန်းကားရာ အမိမြန်မာပြည်သည် ရတနာရှိရာ ရတနာစုသည့်အလား တွင်းထွက်ရတနာမျိုးစုံသည်လည်း လှိုင်လှိုင်ပေါ်ထွက်ခဲ့ပေသည်။

ရှေးယခင်ကတည်းက ရတနာမျိုးစုံ ပေါကြွယ်ဝစွာ ထွက်ရှိသော ရတနာမြေဖြစ်၍ ရှေးမြန်မာများသည် ရတနာတစ်မျိုးတည်းကိုသာမက ရတနာမျိုးစုံပါဝင်သော နဝရတ်ကိုးပါးကို အသုံးပြုခဲ့သည်။

ရတနာကိုးပါး

နဝရတ်ဟူသည် နဝ ရတနာဟူသော ပါဠိမှလာ၍ ရတနာကိုးပါးဟု အနက်အဓိပ္ပာယ်ရသည်။ ထိုကိုးပါးသော ရတနာတို့သည်ကား စိန်၊ မြ၊ ပတ္တမြား၊ ပုလဲ၊ နီလာ၊ ကြောင်၊ ဥဿဖရား၊ ဂေါမုတ်နှင့် သန္တာတို့ဖြစ်ကြသည်။

နဝရတ်ကိုးပါးတွင် တစ်ပါးပါဝင်သော ပုလဲရတနာနှင့်စပ်လျဉ်း၍မူ ပုလဲရတနာကိုဝတ်ဆင်ခြင်းဖြင့် ကျက်သရေနှင့် ပြည့်စုံသည်ဟု မြန်မာလူမျိုးတို့ ယူဆကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻



ကိုယ်ပိုင်ယာဉ်၊ ဌာနဆိုင်ရာယာဉ်နှင့် အငှားယာဉ်(City Taxi)များ စည်းကမ်းလိုက်နာမှုအားနည်း၍ ယာဉ်တိုက်မှု ပိုမိုဖြစ်ပွား

ရန်ကုန်　ဇူလိုင်　၂၁

ရန်ကုန်မြို့တော်အတွင်း ယာဉ်တိုက်မှုအခြေအနေများကို ကြည့်ရှုပါက ခရီးသည်တင် ယာဉ်လိုင်းများအား ယာဉ်တိုက်မှုမဖြစ်စေရန် ကြပ်မတ်ခဲ့သဖြင့် ယာဉ်တိုက်မှုလျော့နည်းသွားသော်လည်း ယခုအခါတွင် ကိုယ်ပိုင်ယာဉ်များ၊ ဌာနဆိုင်ရာယာဉ်များနှင့် အငှားယာဉ်များ (City Taxi) အပါအဝင် မော်တော်ယာဉ်များသည် စည်းကမ်းလိုက်နာမှု အားနည်းသဖြင့် ယာဉ်တိုက်မှု ပိုမိုဖြစ်ပွားလျက်ရှိသည်။

သတိပေး

ထိုသို့ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး၊ ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေရေးအတွက် လမ်းများပေါ်တွင် ဆေးရေးအမှတ်အသားများ ရေးဆွဲပေးခြင်း၊ လမ်းညွှန်အမှတ်အသားများ စိုက်ထူပေးခြင်း၊ အန္တရာယ်သတိပေး မှိတ်တုတ်မီးတိုင်များ စိုက်ထူပေးခြင်း၊ Guard Rails များ တပ်ဆင်ပေးခြင်း၊ ညမြင်အမှတ်အသားများ တပ်ဆင်ပေးခြင်း၊ 20 Meter Hight Mast မီးတိုင်ကြီးများ စိုက်ထူပေးခြင်း၊ သတိပေးနှိုးဆော်ချက်များဖြင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် စည်းကမ်းမဲ့ အနေ့ယာဉ်များကိုလည်း ထိရောက်စွာ အရေးယူပေးလျက်ရှိသည်။ **စာမျက်နှာ ၇ ကော်လံ ၃ သို့** ▲

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရှမ်းရွာ မြစ်ရေတင်စခန်းတွင် ပေါင်းလောင်းမြစ်မှ ရေကိုတင်၍စိုက်ပျိုးဧက၄၀၀၀ သို့အကျိုးပြုလျက်ရှိသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ–စိုက်ပျိုးရေး)

ရာသီဥတု ဇာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။